# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၃၉)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**ထန်တလန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးအုန်းမောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုးနှင့် ဦးမြင့်ကြိုင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ထန်တလန်မြို့ သိကီးရ်ကျေးရွာ View Point သို့ရောက်ရှိပြီး သိကီးရ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် သိကီးရ်-ကျီရီးယန်းတောင် အရှည် ၁၃ မိုင် ၄ ဖာလုံ မြေသားလမ်းဖောက်လုပ်နေမှုကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျီရီးယန်းတောင် အမျိုးသားဥယျာဉ် တည်ထောင်မည့်နေရာသို့ရောက်ရှိရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက သဘာဝပေါက်ပင်အမျိုးအစားများ၊ ကျီရီးယန်းတောင်၌ ကျက်စားလျက်ရှိသည့် နို့တိုက်သတ္တဝါနှင့် ငှက်အမျိုးအစားများ၊ ကျီရီးယန်းအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့်အကျယ်အဝန်း၊ တောအမျိုးအစားနှင့် ဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ကျီရီးယန်းတောင်ခြေမှ တောင်ပေါ်သို့ ခြေကျင်ခရီးသွားအစီအစဉ်ကို ဆောင်ရွက်သွားရန်၊ ဥယျာဉ်နှင့် ပတ်သက်သည့် အချက်အလက်များကို *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့၌ (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစဉ်။

သတင်းစဉ်







# အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်သောက်မှု ရှောင်ကြဉ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျင်းပခဲ့သည်။

စင်စစ်အားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် အမိန့်ကြော်ငြာစာကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ကပင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်ကြသည့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိမှုမရှိသေးသလို လိုက်နာမှုလည်း အားနည်းနေဆဲဖြစ်ရာ အသိပညာပေးမှုများ ထိထိရောက်ရောက် ပြုလုပ်ပေးရန် လိုအပ်နေသေးသည့် အခြေအနေပင်ဖြစ်သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာအရ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများမှာ (က) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ ပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ (ခ) လေအေးပေးစက်တပ်ဆင်ထားသော စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များ၊ (ဂ) လေအေးပေးစက်တပ်ဆင်ထားသော စတိုးဆိုင်များ၊ ကုန်တိုက်များ၊ ကုန်ပဒေသာဆိုင်များနှင့် ကိုယ်ပိုင်ဈေးများ၊ (ဃ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့်အမိုးအကာရှိသည့် ဈေးများအတွင်းရှိ ဈေးရုံများ၊ (င) အမိုးအကာရှိသည့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များ၊ (စ) ကလေးကစားရုံနှင့် ကစားကွင်းများ၊ (ဆ)အများပြည်သူသုံးခန်းမကြီးများ၊ (ဇ) ပုဂ္ဂလိကကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြား အဆောက်အအုံများ၊ (ဈ) ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများ၊ (ည) ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် ဘော်ဒါဆောင်တို့၏ အဆောက်အအုံများဖြစ်ရာ အနှစ်ချုပ်အားဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့်၊ အများပြည်သူဝင်ထွက်သွားလာနေသည့် နေရာများအားလုံး အကျုံးဝင်သည်။

ဆေးလိပ်မီးခိုးငွေ့သည် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်အပါအဝင် ဓာတ်ပစ္စည်းပေါင်း ၄၀၀၀ ကျော် ပါဝင်သည့်အတွက် ဆေးလိပ်သောက်သူကိုသာမက ပတ်ဝန်းကျင်တွင်ရှိနေပြီး သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရသည့်သူအတွက်ပါ အန္တရာယ်ကိုဖြစ်စေနိုင်သည်။ သို့အတွက် အများပြည်သူအား ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

လက်ရှိအခြေအနေတွင် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဈေးများ စသည့်နေရာများတွင် အများပြည်သူကြားထဲ ဆေးလိပ်သောက်သူများ အများအပြားရှိနေကြဆဲဖြစ်သည်ကို အများအားဖြင့် တွေ့မြင်နေရပြီး ဆေးလိပ်မသောက်ရန် ကန့်သတ်တားမြစ်မှုများ အလျင်းမတွေ့ရသည့်အပြင် ဆေးလိပ်ကို အလွယ်တကူဝယ်ယူရရှိနေသည်ကိုလည်း တွေ့မြင်နေကြရသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ပြဋ္ဌာန်း ခဲ့ခြင်းဖြစ်ရာ ဥပဒေကို လေးစားလိုက်နာမှုနှင့် အကောင်အထည်ဖော်မှုတို့ အားနည်းနေဆဲဖြစ်သည်။ "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကို မထိန်းချုပ်ပါက နောင်လာမည့်ငါးနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက် ၅၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကင်ဆာ၊ နှလုံးရောဂါ၊ သွေးတိုးစသည့် ရောဂါပေါင်းများစွာကို ကုသရင်းဖြင့် ကုန်ဆုံးသွားမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါအားလုံးသည် နာတာရှည်ရောဂါဖြစ်သည့်အတွက် တစ်သက်လုံးခံစားသွားရမည်ဖြစ်ပြီး တစ်သက်လုံးဆေးကုသမှုခံယူသွားရမည်ဖြစ်ပါကြောင်း" ဟူသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်မှာလည်း အထူးအလေးဂရုမူဖွယ်ပင်ဖြစ်သည်။

ဆေးလိပ်သောက်သည့် အလေ့က ရောဂါများစွာကို မိမိ၏ခန္ဓာကိုယ်အတွင်း ရှူသွင်းနေခြင်းဖြစ်ကြောင်း ဆေးလိပ်သောက်သူတိုင်း သိကြသည်။ သို့ရာတွင် အစွဲအလမ်းကြောင့် မဖြတ်နိုင်ကြ။ မဖြစ်မနေ နောက်ဆုံးအခြေအနေရောက်မှ ဖြတ်ကြရသည့်အခါ အချိန်နှောင်းခဲ့ကြရပြီ။ မိမိကိုယ်တိုင် ရောဂါယူရုံသာမက သူတစ်ပါးကိုပါ ရောဂါအမျှတို့ ပေးဝေခဲ့ပြီးဖြစ်နေသည်ကို သတိမူကြလျက် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးသည့်အလေ့ကို ဝေးစွာရှောင်ကြဉ်နိုင်ကြပါစေကြောင်း ။ ။

## ထာဝရငြိမ်းချမ်းရေးစေတီတော် ရင်ပြင်တော် စကျင်တာရာဇိုခင်းခြင်း လုပ်ငန်းအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများနှင့် (၇) ရက်သားသမီး အလှူ့ရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကံ့ကော်ပန်းအဝိုင်းအနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားမှ အစပြု၍ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအထိ မဟာမင်္ဂလာအခမ်းအနား (၉) မျိုးဖြင့် တည်ထားကိုးကွယ်လျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ဘုရား၊ စေတီများတွင် လှူဒါန်းခင်းကျင်းထားခြင်းမရှိသေးသည့် စကျင်တာရာဇိုအား ထာဝရငြိမ်းချမ်းရေးစေတီတော် ရင်ပြင်တော်၌ ခင်းကျင်းလှူဒါန်းသွားမည်ဖြစ်ရာ ၁၀ ပေပတ်လည် တစ်ကွက်လျှင် ငွေကျပ် ၈၀၀၀၀၀ နှုန်းဖြင့် အောက်ဖော်ပြပါနေရာများသို့ ကုသိုလ်ယူဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း ညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးဆန်းထွန်းအောင် ညွှန်ကြားရေးမှူး၊ နေပြည်တော် သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊ နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၇၆၅၁၀၆၂၇၂ |
| (၃) | ဦးကြင်ခိုင် ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင် ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |
| (၅) | ဦးစိန်မော် ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၁-၆၆၅၅၂၉<br>၀၉-၈၆၀၂၁၆၃ |

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ

## ကျောင်းကုန်းမြို့တွင် ဖေဖော်ဝါရီလအတွင်း စွမ်းအားမြင့်မီးဖို အလုံး ၉၀၀၀ ဖြန့်ဝေသွားမည်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်း၍ စွမ်းအားမြင့်မီးဖိုများကို လျှပ်စစ်မီးမရရှိသည့် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသများသို့ ဖေဖော်ဝါရီ ၁၅ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် တာဝန်ရှိသူများသည် ရွာသာကုန်း ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၁၂ အတွက် စွမ်းအားမြင့် မီးဖို ၁၁၂ လုံးကို ပေးအပ်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာခွဲပေါင်း ၁၀၇ ရွာအတွက် စွမ်းအားမြင့်မီးဖို အလုံးပေါင်း ၉၀၀၀ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ပြည်သာယာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်နေသော ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) ကြာအင်းကျေးရွာအုပ်စု ဝိုင်းတော်ကျေးရွာ ပြည်သာယာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကွန်ကရစ်လမ်းပေါ်၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်ဖွင့်လှစ်ပေးသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဝိုင်းတော်ကျောင်းဆရာတော် ဦးကုဏ္ဍလက ဩဝါဒစကား မိန့်ကြားခဲ့သည်။ ဆက်လက်ပြီး ကွန်ကရစ်လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံ ပေးအပ်ခဲ့သည်။(အပေါ်ပုံ) ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဝိုင်းတော်ကျောင်း ဆရာတော် ဦးကုဏ္ဍလတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် ကြာအင်းကျေးရွာ၊ ဝိုင်းတော်ကျေးရွာ၊ ကွမ်းတောကျေးရွာ၊ ကွီးလေးကျေးရွာ၊ ကမားထကျေးရွာ များမှ အိမ်ထောင်စု ၁၅၉၀ ၊ လူဦးရေ ၉၁၁၃ ဦး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## နေပြည်တော် ဇေယျာသီရိမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး နေပြည်တော်မှ အခမဲ့ကွင်းဆင်းဆေးကုသမှုကို ယနေ့ နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။ (ဓါတ်ပုံ)

ကွင်းဆင်းဆေးကုသမှုပြုရာတွင် ဇေယျာသီရိမြို့နယ် ကျန်းမာရေးကြီးကြပ်ကော်မတီ၊ ရပ်မိရပ်ဖ ဦးဇော်ဝင်းလှိုင်၏ ပံ့ပိုးကူညီမှုဖြင့် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ဒေါ်သန်းဦး၊ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၂၂ ဦးက ကျည်တောင်အုပ်စု၊ ကျည်အောင်ရွာ၊ သာယာဝှမ်းရွာ၊ ခေါမရွာ၊ စည်ပင်သာယာရွာ၊ ကံဦးရွာ၊ ငွေစုရွာ၊ မွန်းတည့်ခွင်(တောင်)၊ မွန်းတည့်ခွင်(မြောက်)ရွာများမှ ဒေသခံ ၁၈၀ တွင် ဖြစ်ပေါ်လျက်ရှိသည့် သွေးတိုး၊ လေငန်း၊ ကိုယ်ယောင်၊ အဖော၊ အကြောအဆစ်ရောဂါ၊ အာရုံကြောအားနည်းရောဂါတို့ကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရမည့်လူနာအား ဆေးရုံတက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

* ရှေ့ဖုံးမှ

စနစ်တကျ အသေးစိတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရန်နှင့် ကျီရီးယန်းတောင်ပတ်ဝန်းကျင်သည် နွားနောက်စားကျက်ပေါများသည့်အတွက် စီးပွားဖြစ်မွေးမြူရေးဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျီရီးယန်းတောင်ကို နောက်ခံထား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကျီရီးယန်း အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် ထန်တလန်မြို့ သိကီးရ်ကျေးရွာအနီးတွင် တည်ရှိပြီး အကျယ်အဝန်း ၇၄၅၈ ဒသမ ၅ ဧက၊ တောအမျိုးအစားမှာ တောင်ပေါ်အမြဲစိမ်းတော၊ ထင်းရှူးတော၊ မြက်ခက်တောဖြစ်ကာ ဥယျာဉ်အတွင်း သစ်မျိုးစိတ် ၉၂ မျိုး၊ တောရိုင်းတိရစ္ဆာန် နို့တိုက်သတ္တဝါ ၃၇ မျိုးနှင့် ငှက်မျိုးစိတ် ၆၄ မျိုး ကျက်စားနေထိုင်လျက်ရှိကြောင်းကို ပထမအကြိမ်ကွင်းဆင်းလေ့လာဆန်းစစ်ချက်အရ သိရသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယသမ္မတသည် သိကီးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် ကွန်ပျူတာခန်း၌ လက်တွေ့သင်ကြားလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် သိကီးရ်ကျေးရွာမှ ထွက်ခွာကြရာ ထန်တလန်မြို့သို့ရောက်ရှိကြပြီး (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှုသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတသည် အစိုးရနည်းပညာအထက်တန်းကျောင်း (ထန်တလန်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး) ကျောင်းအုပ်ကြီးက စာသင်ဆောင်နှင့် အလုပ်ရုံ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု၊ ဘဏ္ဍာငွေရရှိမှု၊ ကျောင်းမြေနေရာ တိုးချဲ့ရရှိရေးနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)မှ ကျောင်းဆင်းဒေသခံများ အလုပ်အကိုင်ရရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ရေစုကန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ထန်တလန်မြို့ သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရေးအတွက် ရေစုကန်တည်ဆောက်နေမှုနှင့် ရေထွက်ရှိမှုကို ကြည့်ရှုသည်။

**သောက်သုံးရေဖြန့်ဖြူးပေးနိုင်မည်**

ထန်တလန်မြို့နေ လူဦးရေတစ်သောင်းကျော်အတွက် လူတစ်ဦးလျှင် တစ်ရက် ၂၅ ဂါလန်နှုန်းဖြင့် တွက်ချက်ပါက နေ့စဉ်ရေဂါလန် ၂၆၀၀၀၀ ကျော် လိုအပ်လျက်ရှိရာ လက်ရှိတွင်ရေထွက် ၁၁ ခုမှ နေ့စဉ်ရေဂါလန်တစ်သိန်းကျော်ကို ရေစုကန်များတွင် သိုလှောင်၍ မြို့နေပြည်သူများအား ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုအခါ ခွေဗားရေထွက်မှ နေ့စဉ်ထွက်ရှိနေသည့် ရေဂါလန် ၂၁၆၀၀၀ ကို ပိုက်လိုင်းဖြင့်သွယ်ယူပြီး ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ နေ့စဉ် ရေဂါလန် ၃၂၀၀၀၀ ကျော်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မှတ်တမ်းဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ရှုခင်းသာ View Point သို့ရောက်ရှိကာ ထန်တလန်မြို့ရှုခင်းအားကြည့်ရှု၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်နေသည့် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ သိကီးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာလက်တွေ့သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်နေသည့် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)နှင့် သာကေတမြို့နယ်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကင်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)သို့ ရောက်ရှိရာ အစည်း အဝေးခန်းမတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အောက်မြန်မာပြည်ရုံးခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးအဆောက်အအုံများ ဖွဲ့စည်းနေရာချထားမှု၊ Oil & Gas Data Center အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့်အစီအစဉ်များ၊ Data Center အတွင်း ရေနံလုပ်ကွက်အသီးသီး၏ တိုင်းတာထားသော အချက်အလက်များကို Tape များ၊ Digital စနစ်များနှင့် မှတ်တမ်းစာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက Data Center ဖြစ်သည်နှင့်အညီ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးဆိုင်ရာ အချက်အလက်များ၊ စာအုပ်စာတမ်းများ ထိန်းသိမ်းထားရာတွင် ပျက်စီးမှုမရှိစေရေး စနစ်တကျ ဂရုပြုအလေးထားဆောင်ရွက်သွားရေး၊ မီးဘေးအန္တရာယ် ကြိုတင်အချက်ပေးစနစ်တပ်ဆင်ရေး၊ Data အချက်အလက်များသည် မိမိတို့ဝန်ကြီးဌာန၏ အရေးကြီးပြီး အထူးတန်ဖိုးရှိသည့် အချက်အလက်များဖြစ်သည့်အတွက် ပျောက်ဆုံးမှုမရှိစေရေးနှင့် လုံခြုံမှုအထူးဂရုပြုဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Data Center အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးဆိုင်ရာ အချက်အလက်များ သိမ်းဆည်းထားသည့် Data တိပ်ခွေများ၊ Data မှတ်တမ်းစာအုပ်များ သိမ်းဆည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းခဲ့ကာ Data Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် စခန်းတာဝန်ခံ အထွေထွေမန်နေဂျာမှ ကမ်းလွန်အခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကာ ကမ်းလွန်အခြေစိုက် စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သည် ကုန်းတွင်းနှင့် ကမ်းလွန် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများ အောင်မြင်စွာပြုလုပ်နိုင်စေရန် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်း၊ ကုန်းတွင်းနှင့် ကမ်းလွန် ရေနံရှာဖွေတူးဖော်ထုတ်လုပ်သည့် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူထားသော လုပ်ငန်းသုံးပစ္စည်းများကို လက်ခံသိုလှောင်၍ လိုအပ်သည့်နေရာဒေသများသို့ ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ ထိန်း / ဖြန့်စခန်းများ၊ အသုံးချသုတေသန၊ ပိုက်လိုင်းအခြေစိုက်စခန်းများ၊ အောက်မြန်မာပြည် ရေနံမြေအစမ်းတွင်းဒေသများတွင် တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ ထောက်ပံ့ပို့ဆောင်ပေးခြင်းလုပ်ငန်းများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင်သင်္ဘောများ လွှန်းတင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှု

**ရွှေဘို ဖေဖော်ဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်းရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုသည်။



### လိုက်လံကြည့်ရှု

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါသင်တန်းကျောင်းရှိ ကွန်ပျူတာသင်တန်းခန်းမ၊ ပန်းချီအရောင်းပြခန်း၊ အလုပ်သင်တန်းခန်းမနှင့် အမျိုးသမီးငယ်များအား ပြုစုစောင့်ရှောက်ပေးမည့် အဆောက်အဦတို့ကို လိုက်လံကြည့်ရှုပြီး သင်တန်းကျောင်းအုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်း၌ ဆောင်ရွက်ပေးရန် စီစဉ်ထားသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂေဟာရန်ပုံငွေအဖြစ် ငွေကျပ် ၁၀ သိန်းကို ဂေဟာမှ ပန်းချီကားချပ် ၁၀ ချပ် ဝယ်ယူခြင်းဖြင့် လှူဒါန်းသည်။(ဓာတ်ပုံ)

ရွှေဘိုမြို့နယ်ရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတွင် ရင်ခွင်မဲ့ကလေးငယ်များနှင့် မိဘမဲ့ အမျိုးသမီးငယ်များအား စောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးငယ်များအား ပညာဆက်လက်သင်ကြားနိုင်ရေး၊ အမျိုးသမီးငယ်ရွယ်သူများအား အသက်မွေးသင်တန်းများကို လုပ်ငန်းကျွမ်းကျင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သင်ကြားပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မုန့်ထုတ်လုပ်သူ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူး ဒေါ်စုစုထွန်းက ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေတွင် ဖော်ပြပါရှိသော အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြပါရှိလာရေးအတွက် ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

"အသိပညာပေးကာလအတွင်းမှာ ထုတ်လုပ်သူလုပ်ငန်းရှင်တွေ၊ ကုန်စုံဆိုင်တွေ၊ စတိုးဆိုင်တွေ၊ အလုကုန်ပစ္စည်းအရောင်းဆိုင်တွေကို ကွင်းဆင်းပြီး အသိပညာပေးမှုတွေ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့မှစပြီး လိုက်နာခြင်းမရှိတဲ့ လုပ်ငန်းရှင်တွေကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးမြင့်ကြည်ထံမှ သိရသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွန်း၊ မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် အမှတ်(၄)နယ်မြေ၊ ရှမ်းစုရပ်ကွက်ရှိ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်တစ်ဦး၏နေအိမ်သို့ လေ့လာကြည့်ရှုခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်စဉ်။

# Coronavirus Disease (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ကုသရေးအတွက် မန္တလေးမြို့ပေါ် ဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေး

## ယခုအခါ ရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားကူးစက်ခံရနိုင်ခြေရှိသူများထံ ကူးစက်မှုအခြေခံနှုန်းမြင့်မားသည့်အတွက် မန္တလေးမြို့နှင့် အနီးအနားမြို့များ၌ အထူးဂရုစိုက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်



**မန္တလေး ဖေဖော်ဝါရီ ၁၅**

Coronavirus Disease (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ကုသရေးအတွက် မန္တလေးမြို့ပေါ်ဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။ **(ယာပုံ)**

### အသိပေးရှင်းပြ

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် Coronavirus Disease 2019(COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ဖြစ်ပွားမှုသည် အချိန်နှင့်အမျှပြောင်းလဲနိုင်သည့် အခြေအနေဖြစ်နေသောကြောင့် မိမိတို့အနေဖြင့် မန္တလေးမြို့ရှိ ဆေးရုံအုပ်ကြီးများနှင့် မန္တလေးဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ မည်သည့်ပုံစံဖြင့် ပါဝင်ပံ့ပိုးဆောင်ရွက်ရမည်ကို အသိပေးရှင်းပြရခြင်းဖြစ်ပါကြောင်း၊ မန္တလေးမြို့နှင့် အနီးအနားမြို့များ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ များစွာနေထိုင်သွားလာလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ဤရောဂါဖြစ်ပွားနိုင်မှုအခြေအနေများကို မျက်ခြည်မပြတ် သုံးသပ်ရမည်ဖြစ်ပါကြောင်း။

### စောင့်ကြပ်ကြည့်ရှုကုသမှုပေး

ယခုအခါ၌ ဤရောဂါဖြစ်ပွားသူများ၏ သေဆုံးနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရသည့်အပြင် ဤရောဂါ၏ ရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားကူးစက်ခံရနိုင်ခြေရှိသူများထံ ကူးစက်မှုအခြေခံနှုန်းသည်လည်း မြင့်မားသည့်အတွက် မန္တလေးမြို့နှင့် အနီးအနားမြို့များ လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ လည်းကောင်း အထူးဂရုစိုက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုံးဝအရှိန်လျှော့၍မရဘဲ ဆက်လက်အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံများတွင် သံသယနှင့် စောင့်ကြည့်လူနာများကို စောင့်ကြပ်ကြည့်ရှုကုသမှုပေးနေပြီး အကယ်၍ ခတ်ခွဲအတည်ပြုလူနာများ၊ ရောဂါပြင်းထန်သည့် လူနာများ ရောက်ရှိပေါ်ပေါက်လာပါက အရည်အသွေးပြည့်ဝစွာ ကုသမှုပေးနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆေးပညာပါမောက္ခများ ဝိုင်းဝန်းရေးသားပြုစုထားသည့် ကုသရေးလမ်းညွှန်များအတိုင်း ကုသပေးရန် အဆင်သင့်စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ တရားဝင်နှင့် တရားမဝင် ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်လာသောသူများသည်ရောဂါပျိုးချိန် (incubation period) ကာလအတွင်း ရောဂါလက္ခဏာများ မပြသသေးဘဲ ပကတိကျန်းမာစွာ နေထိုင်နေသော်လည်း အချိန်မရွေး ရောဂါလက္ခဏာများ ပေါ်ပေါက်လာနိုင်သည့်အချက်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူ့ကျန်းမာရေးဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်၊ လူမှုရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ ကုန်သွယ်ရေးရှုထောင့် စသည်ဖြင့် ရှုထောင့်ပေါင်းစုံကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်ချဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသူများ၏ ရာခိုင်နှုန်းအများစုသည် ၎င်းတို့ ယခင်ကတည်းက ငှားရမ်းထားပြီးဖြစ်သော နေအိမ်များသို့ သွားရောက်နေထိုင်သည်ကို တွေ့ရှိရသည့်အချက်သည် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ အထူးအရေးကြီး၍ အဓိကကျသော အချက်တစ်ခုဖြစ်သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်းတို့ အများစုတည်းခိုနေထိုင်လျက်ရှိသည့် နေရာများကို မြေပုံစာရင်းပြုစု၍ ၎င်းတို့နေထိုင်ရာရပ်ကွက်များ၌ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိကုသမှုဆောင်ရွက်နိုင်ရန် ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရာတွင် တရုတ်ဘာသာစကားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### အထူးအလေးပေးဆောင်ရွက်

အလားတူ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင်လည်း တရုတ်ဘာသာဖြင့် ကျန်းမာရေးအသိပညာအချက်အလက်များဖြန့်ဝေခြင်းကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စောစီးစွာ လူနာရှာဖွေဖော်ထုတ်ခြင်း ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသဖြင့် ပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကျန်းမာရေးအသိပညာပေးရာတွင် လူအများနားလည်လွယ်မည့် သတင်းအချက်အလက်များဖြစ်ရန်လိုအပ်သည့်အပြင် အရေးကြီးသည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကိုသာ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်း အသိပေးခြင်းဖြင့် မိမိတို့၏ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုထိရောက်စေမည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ စောင့်ကြည့်လူနာနှင့် သံသယလူနာများအား သီးခြားထားရှိ ကုသမှုပေးရာတွင် လူနာများအား ဆေးကုသမှုပေးခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမကလူနာများနှင့် အနီးကပ်ထိတွေ့သူများအား ရှာဖွေခြင်းနှင့် ၎င်းတို့အား နေအိမ် (သို့မဟုတ်) ဆေးရုံတွင် ရောဂါဖြစ်ပွားမှုရှိ၊ မရှိအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများသည် ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ရမည့် အရေးပါသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများဖြစ်ကြောင်း။

### သေဆုံးနိုင်ခြေနည်းပါး

ထိုသို့ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ချက်ချင်းကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေနည်းပါးသည့်အပြင် ၎င်းမှတစ်ဆင့် အတူနေထိုင်သောမိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှုမဖြစ်ပွားနိုင်တော့သဖြင့် အသွားအလာကန့်သတ် ပိတ်ပင်၍ ရောဂါဖြစ်ပွားမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများသည် အားလုံးအတွက် အကျိုးရှိသည့်ကိစ္စရပ်ဖြစ်သည်ကို ပြည်သူများ သိရှိနားလည်စေရေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မျိုးဆက်သစ်ဆရာဝန်နှင့် ပညာရှင်များအတွက် အတွေ့အကြုံနှင့် သင်ခန်းစာများစွာ ရရှိနိုင်ပြီးနောင်ဖြစ်ပေါ်လာမည့် အခြားကပ်ရောဂါဖြစ်ပွားမှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုနိုင်ပါကြောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ယခုဖြစ်ပွားသော COVID - 19 ရောဂါနှင့် အခြားကပ်အသွင် ဖြစ်ပွားနိုင်သော ရောဂါများအတွက် စားပွဲဝိုင်းလေ့ကျင့်ခန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကပ်ရောဂါဗေဒပညာရှင်များ၏ အကူအညီဖြင့် အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း။

### မှတ်တမ်းတင်ထားရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားရှိကာ ထိုမှတ်တမ်းများကို ဆန်းစစ်သုံးသပ်၍ နောက်ဖြစ်ပေါ်လာမည့် ကပ်အသွင်ဖြစ်ပွားမှုများအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် စောင့်ကြည့်လူနာနှင့် သံသယလူနာများအား သီးခြားခွဲခြား စောင့်ကြပ်ကြည့်ရှုကုသမှုပေးခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို အလွယ်တကူ သိရှိစစ်ဆေးနိုင်ရန် ပုံစံတစ်ခုပြုစု၍ စိစစ်သုံးသပ်ခြင်း (Quick review of preparedness on hospitals) ကို ဆောင်ရွက်စေလိုပါကြောင်း၊ ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားချိန်များတွင် ကန်တော်နဒီဆေးရုံကို လူနာများ သီးခြားထားရှိကုသခြင်းနှင့် အနီးကပ်ထိတွေ့သူများအား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူးစက်ရောဂါကုသသည့် သတ်မှတ်ဆေးရုံအဖြစ်သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ထားရှိသွားရန် လိုအပ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း မဟုတ်မမှန်သတင်းများ၊ ကောလာဟလများကို ပြည်သူ့ထံသို့ ချက်ချင်းရှင်းလင်းနိုင်ရန် အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိစေလိုပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ပါဝင်ဆောင်ရွက်နေသူ အားလုံးသိရှိစေရန် သတင်းအချက်အလက်များ မျှဝေရန်လုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ခြင်းဆောင်ရွက်ပြီး လိုအပ်သည်များ အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

မန္တလေးပြည်သူ့ဆေးရုံကြီး၌ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံများ အလျှင်အမြန် ထပ်မံရရှိရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ဆောင်ရွက်ပြီးဖြစ်သဖြင့် ရရှိပါက ချက်ချင်းထပ်မံ၍ ပေးပို့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် COVID-19 ရောဂါ စတင်ကူးစက်ဖြစ်ပွားမှုနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာခဲ့မှုနှင့် ပတ်သက်သည့်အချက်အလက်များ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုပါကြေညာချက်မတိုင်မီ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြောင်းလဲလာသည့် ရောဂါကူးစက်ဖြစ်ပွားမှုပေါ် မူတည်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်သူလူထုအားအချိန်နှင့် တစ်ပြေးညီမှန်ကန်သောသတင်းများ ပြန်ကြားပေးမည့်အစီအစဉ်များ၊ မဟုတ်မမှန်သတင်းများသည် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်ခြင်း (Fear)၊ စတင်ခံစားရပြီး ၎င်းမှသည် အမျက်ဒေါသထွက်ခြင်းနှင့် အမုန်းတရားကို ဖြစ်ပေါ်စေသဖြင့် မဟုတ်မမှန်သတင်းများသည် အမုန်းစကားဖြစ်စေနိုင်သည့်အတွက် မဟုတ်မမှန်သတင်းများ၊ ကောလာဟလများနှင့် ပတ်သက်၍ ပြည်သူများထံသို့ ချက်ချင်းရှင်းလင်းတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ပါဝင်ဆောင်ရွက်နေသူအားလုံး သိရှိစေရန် သတင်းအချက်အလက်များ မျှဝေရန်လုပ်ငန်းများ၊ စောင့်ကြည့်လူနာ၊ သံသယလူနာများတွေ့ရှိမှု များပြားလာပါက ဆေးရုံများတွင် ရောဂါကာကွယ်ရေးဝတ်စုံများ(Personal Protective Equipment- PPE) များ ပိုမိုလိုအပ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်မည့်အခြေအနေ၊ ရောဂါစောင့်ကြပ်ကြည့်ရှု၍ သတင်းပေးပို့ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လက်ရှိဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသောလူနာများ၏ ကျန်းမာရေးသက်သာကောင်းမွန်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးအကြံပြုဆောင်ရွက်

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)၊ နှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ခတ်ခွဲ၊ eHealth စသည့်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများတက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်း ကျင်းပ

တာရာ

စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး (စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှုတိုးတက်ရေးလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင် (ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူး ဒေါ်ထားထား (ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး) နှင့် Zeya & Associate Co.,Ltd. Chairman/CEO ဦးဇေယျာသူရမွန်(ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့သည်။
















*ယမန်နေ့မှ အဆက်*

**အစီအစဉ်မှူး ။ ။ Doing Business Reform ဆောင်ရွက်ရာမှာ ဘယ်အချက်တွေကို ရှာဖွေတွေ့ရှိခဲ့သလဲ၊ နောက်ပြီး ၂၀၂၁ အစီရင်ခံစာမှာရော Enforcing Contracts Indicator ဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ Doing Business အဆင့်နဲ့ ရမှတ်တွေ တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

**ဒေါ်ထားထား ။ ။** ယခင်နှစ်က ပြုပြင်ပြောင်းလဲမှု ၄ခုကို ချမှတ်ခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှု ၄ ခုထဲက ၃ခုကို အညွှန်းကိန်း တိုင်းတာသတ်မှတ်ထားတဲ့အချိန်အတွင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မအစောတုန်းက ရှင်းပြတဲ့အညွှန်းကိန်းတစ်ခုပဲ အမှတ်ရရှိခဲ့ပါတယ်။ ကျန်တဲ့ဆောင်ရွက်ချက် ၂ ခုကတော့ အမှတ်ရရှိခဲ့ခြင်း မရှိပါဘူး။ အမှုစစ်ဆေးစီရင်ရန် စံအချိန်ကာလသတ်မှတ်ခြင်းနဲ့ အမှုရွှေ့ဆိုင်းမှု မူဝါဒချမှတ်ခြင်း အဲဒီတစ်ချက်၊ နောက်ပြီးကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှုခင်းများကို ထုတ်ပြန်ခြင်းတို့ဖြစ်ပါတယ်။ အဲဒီ၂ချက်ကတော့ အမှတ်မရရှိခဲ့ပါဘူး။

အမှုစစ်ဆေးစီရင်ရန် စံအချိန်ကာလသတ်မှတ်ခြင်းနဲ့ အမှုရွှေ့ဆိုင်းနှုန်းတွေနဲ့ ပတ်သက်လို့ကတော့ ကျွန်မတို့ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်လို့ အမိန့်ကြော်ငြာစာ(၆၄၉/ ၂၀၁၈)ကို ၁-၈-၂၀၁၈ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

အဲဒါကြောင့် မှုခင်းစီမံခန့်ခွဲမှုပြုတဲ့တရားရုံးတွေက အချိန်စံနှုန်းနဲ့အညီ မှုခင်းတွေကို ဘယ်လောက်ဆုံးဖြတ်နိုင်တယ်ဆိုတဲ့အကြောင်း၊အမှုရွှေ့ဆိုင်းတဲ့အချိန်တွေကို လွယ်လွယ်နဲ့မပေးဘူးဆိုတာတွေကို ကြိုးစားပြီး ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဓိကတင်ပြချင်တာက ကမ္ဘာ့ဘဏ်က တိုင်းတာတဲ့အခါ လက်ရှိအခြေအနေတွေကို ကြည့်ပြီးတိုင်းတာအမှတ်ပေးတဲ့အတွက် အမှုသည်တွေ၊ ရှေ့နေတွေအနေနဲ့လည်း လက်ရှိအခြေအနေတွေကို ဖြေကြားတဲ့အခါ အလွန်အရေးကြီးပါတယ်။ အဲဒါကြောင့် ဒီနှစ်မှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လုပ်ဆောင်ချက်တွေကို အသေးစိတ်ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ဖြေကြားတဲ့သူတွေကလည်း ထုတ်ပြန်ချက်တွေကို သေသေချာချာမှန်မမှန်စိစစ်လေ့လာပြီးမှ ဖြေကြားပေးစေလိုပါတယ်။

နောက်တစ်ချက်က ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှုခင်းတွေကို ထုတ်ပြန်ခြင်းနဲ့ပတ်သက်လို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို ရောက်ရှိလာတဲ့ ခရိုင်တရားရုံး၊ တရားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွေရဲ့ စီရင်ချက်တွေကို ကျွန်မတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ဝက်ဘ်ဆိုက်မှာ ထုတ်လွှင့်တာ ဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘာ့ဘဏ်ကကျတော့ ကျွန်မတို့ရဲ့ ထုတ်လွှင့်ချက်တွေဟာဆိုရင် နယ်မှုခင်းတွေ တင်တာနည်းပါးတယ်ဆိုတဲ့ အချက်ရယ်၊ နောက်ပြီး ၂၀၁၉ ခုနှစ်က အမှုတွေမပါဘူး၊ မြို့နယ်အဆင့်က အမှုတွေမပါဘူးဆိုပြီး ဒီပြုပြင်ပြောင်းလဲမှုကို ကျွန်မတို့ကို အမှတ်မပေးခဲ့ပါဘူး။ နောက်ပြီး အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ပြောင်းလဲမှုတစ်ခုရှိပါတယ်။ အကြိုညှိနှိုင်းအစည်းအဝေးတွေကို မှုခင်းစီမံခန့်ခွဲမှုစနစ်မှာ ထည့်သွင်းအသုံးပြုခြင်းဖြစ်ပါတယ်။

အဲဒါကကျတော့ သတ်မှတ်ထားတဲ့ တရားရုံးမှာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ တရားရုံးကတော့ လသာမြို့နယ်တရားရုံးဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလသာမြို့နယ် တရားရုံးက ဇူလိုင်လ ၁ရက် ၂၀၁၉ ခုနှစ်ကစပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ အနောက်ပိုင်းခရိုင်တရားရုံးနဲ့ အဲဒီခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တရားရုံးတွေ အားလုံးကို မှုခင်းစီမံခန့်ခွဲအစီအစဉ်တွေ စတင်ဆောင်ရွက်နေတဲ့အတွက် လသာမြို့နယ်တရားရုံးကလည်း အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် နောင်နှစ်မှာ တစ်မှတ်ရမယ်လို့ မျှော်လင့်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ၂၀၁၅ ခုနှစ်က စပြီး ရှေ့ပြေးတရားရုံးအနေနဲ့ ၃ ရုံးစမ်းသပ်ဆောင်ရွက်ခဲ့ပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ၄၈ ရုံးအထိ တိုးချဲ့ဆောင်ရွက်လာနိုင်ပြီဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဆက်ပြီးတိုးချဲ့ဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

ဒီစနစ်က ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားတဲ့ စနစ်ဖြစ်ပြီး တရားစီရင်ရေး အရည်အသွေးကို မြှင့်တင်နိုင်မှာဖြစ်လို့ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။

**အစီအစဉ်မှူး ။ ။ Ease of Doing Business 2020 အစီရင်ခံစာမှာ ပုဂ္ဂလိက ကဏ္ဍက ဦးဇေယျာသူရမွန်အနေနဲ့ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ပြုပြင်ပြောင်းလဲပြီး အဆင့်နဲ့ရမှတ်တွေ တိုးတက်အောင် ဆောင်ရွက်ခဲ့တယ်ဆိုတာကို ပြောပြပေးပါဦး။**

**ဦးဇေယျာသူရမွန် ။ ။** ၂၀၂၀ မှာ အဆင့်တက်တာကို တွေ့ရတယ်။ ကျွန်တော်တို့ အားရသင့်သလောက် အားရပါတယ်။ ဒါပေမယ့် လိုအပ်တဲ့အချက်တွေလည်း ရှိပါတယ်။ ၂၀၂၀မှာ အဆင့်ဒီလောက်တက်လာဖို့အတွက် ဘယ်လိုလုပ်ခဲ့ရသလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့ ၃နှစ်လောက်ကစတင်ပြီး UMFCCI ကကျွန်တော်တို့ကို တာဝန်ပေးလိုက်တယ်။ ဒီအစည်းအဝေးတစ်ခု သွားတက်ပြီဆိုရင် ကျွန်တော်တို့ ဒီလို Random အစည်းအဝေးတက်လို့ရတဲ့ လုပ်ငန်းမျိုး မဟုတ်ဘဲ တကယ်တမ်း ထဲထဲဝင်ဝင် နက်နက်နဲနဲ ပညာရပ်ဆိုင်ရာမှာ ကျွမ်းကျင်မှုရှိမှရမယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တစ်ယောက်တည်းနဲ့မဖြစ်တော့ဘူး။

နောက်တစ်ချက်က ဒီအစည်းအဝေးကိုလည်း UMFCCI က ဒီနေ့ ဒီတစ်ယောက်လွှတ် နောက်နေ့ အခြားတစ်ယောက်လွှတ်ဆိုရင်လည်း အဆင်ပြေမှာမဟုတ်ဘူးဆိုတာ တွေ့တဲ့အခါ ကျွန်တော်တို့ UMFCCI မှာ သူ့သက်ဆိုင်ရာ EC တွေ၊ CEC တွေရဲ့ တာဝန်တွေအများကြီးရှိပါတယ်။ အဲဒီအထဲမှာမှ ကျွန်တော်တို့မှာလည်း အခြားတာဝန်တွေ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်က တခြားတာဝန်တွေကို အကုန်ဖြတ်ချလိုက်ပြီး ဒီတာဝန်ကိုတော့ ကျွန်တော် နက်နက်နဲနဲယူပေးမယ်ဆိုပြီး တာဝန်ခံလိုက်ပါတယ်။

ပြီးတော့ ကျွန်တော်တစ်ယောက်တည်းနဲ့ မပြီးဘူး။ Team တစ်ခုဖွဲ့လိုက်ပါတယ်။ ကျွန်တော့်အဖွဲ့မှာ လူလေးယောက်လောက်ရှိပါတယ်။ အားလုံး Master Level တွေဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ရာမှာ ရှိတဲ့ Procedures တွေအကုန်လုံးကို နားလည်တဲ့ Senior Team Members လေးယောက်ရှိပါတယ်။ အဲဒီလေးယောက်နဲ့ ကျွန်တော်စဉ်ဆက်မပြတ် အစည်းအဝေးတက်တယ်။ ဌာနဆိုင်ရာတွေနဲ့ အစည်းအဝေးလုပ်တာရှိတယ်။ ကမ္ဘာ့ဘဏ်ကလူတွေနဲ့ အစည်းအဝေးလုပ်တာရှိတယ်။ နောက်ပြီး ပုဂ္ဂလိကကဏ္ဍတွေနဲ့တွေ့ဆုံရတဲ့အစည်းအဝေးတွေ လုပ်တာရှိတယ်။

အဲဒီလို အစည်းအဝေးတွေကို ကျွန်တော်တို့ မတက်မဖြစ်တက်ပြီးစာတွေလည်း အများကြီးဖတ်ပြီး နောက်ဆုံးသူတို့ရဲ့ Case Study ကိုနားမလည်ရင်၊ ကျွန်တော်တို့ရဲ့ Response က မှားသွားရင် ဒါမှမဟုတ်လျှော့ပြီး ဖြေလိုက်ရင် အမှတ်က နည်းမှာဖြစ်ပါတယ်။ ဒါပေမယ့် ကောင်းနေပေမယ့်လည်း ကျွန်တော်တို့ရဲ့ Record ကို မှန်မှန်ကန်ကန်မပေးနိုင်ရင် ကျွန်တော်တို့က အဆင့်ရမှာ မဟုတ်ပါဘူး။

အဲဒါတွေက ဘယ်မှာတွေ့ခဲ့ရသလဲဆိုတော့ အရင်ပြီးခဲ့တဲ့နှစ်တွေမှာ ကျွန်တော်တို့က တွေ့ခဲ့ရတယ်။ မှတ်မိပါလိမ့်မယ်။ အဆင့် ၁၇၁၊ နောက်တစ်နှစ်လည်း အဆင့် ၁၇၁ ပဲ။ အဆင့် အပြောင်းအလဲမရှိဘူး။ ဒီနှစ်မှာမှ ၁၆၅။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ကမ္ဘာ့ဘဏ်ရဲ့ ဒေတာတွေကို မှန်အောင်အရင်လုပ်ရတယ်။ ကျွန်တော်တို့စစချင်း စတည်လိုက်တဲ့အခါ အချက် ၃ ခုနဲ့ တည်ပါတယ်။ ပထမတစ်ခုက True Reflection ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအနေအထားနဲ့ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာကို ကျွန်တော့်အနေနဲ့ ဖတ်လိုက်တဲ့အခါ စီးပွားရေး တကယ်လုပ်တဲ့သူတွေနဲ့ သူတို့ရေးထားတာတွေနဲ့ မမှန်ဘူးဖြစ်နေတယ်။

သူတို့ရေးထားတာတွေက ကျွန်တော်တို့က တော်တော်ပဲခက်နေတယ်။ တော်တော်ကြီး Procedure တွေများနေတယ်။ အချိန်တွေကုန်နေတယ်။ ပိုက်ဆံတွေ ကုန်နေတယ်ဆိုတဲ့ Record ဖြစ်နေတယ်။ ပကတိအမှန်နဲ့လွဲနေတဲ့အတွက် ပကတိအမှန်နဲ့တူအောင် ပထမဆုံးစလုပ်ရပါတယ်။ ပြီးတော့မှ ကျွန်တော်တို့က ချက်ချင်းလက်ငင်း ဘာတွေပြင်လို့ရမလဲဆိုတာ ဌာနဆိုင်ရာတွေကို ပြောပါတယ်။ ဒါလေးကတော့ မြန်မြန်လေးပြင်လို့ရတယ်။ ဒါလေးကတော့ လွယ်လွယ်လေး။ အဲဒီတော့ ဝက်ဘ်ဆိုက် တင်လိုက်ရင် အမှတ်ရပါတယ်။ အဲဒီလိုဒေတာတွေ၊ သတင်းအချက်အလက်တွေ ကျွန်တော်တို့က လုပ်ပါတယ်။ အခုတော့ ကျွန်တော်တို့က Continuous Improvement ဘက်ကိုရောက်နေပါပြီ။

ဒါကြောင့် ဒီနှစ်က သိသိသာသာလေးဖြစ်လာတာပါ။ ဒီဟာတွေ လုပ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၂၀ ထဲမှာပါသွားတယ်။ အဓိကဘာလုပ်ခဲ့သလဲဆိုတော့ မြန်မာနိုင်ငံရဲ့ ပကတိအနေအထား၊ True Reflection ကို ကမ္ဘာ့ဘဏ်ရဲ့ Record တွေမှာ ပါအောင်လုပ်ခဲ့တယ်။ ပြီးရင် ကျွန်တော်တို့က ချက်ချင်းလက်ငင်း ပြင်လို့ရတာတွေကို တစ်နှစ်အတွင်းမှာ ဌာနဆိုင်ရာတွေက ပြင်ဆင်ခဲ့တယ်။

ပြီးတော့မှ ကျွန်တော်တို့က ရေရှည်ရှေ့လျှောက်ဘာတွေလုပ်ကြမလဲဆိုတဲ့ အချက်တွေကို သိရှိလာတယ်။ အခုက တကယ့်လမ်းမှန်ပေါ်ကို ရောက်သွားတယ်။ အရင်တုန်းက ကျွန်တော်တို့က လည်နေတယ်။ ကမ္ဘာ့ဘဏ်က ဘာလိုချင်မှန်းလဲမသိ၊ ကျွန်တော်တို့ပြောတာလည်း ကမ္ဘာ့ဘဏ်က နားမလည် အဲဒီလိုတွေဖြစ်နေတယ်။ ကျွန်တော်အချက်တစ်ချက် highlight လုပ်ချင်တယ်။ ဥပမာ ကျွန်တော်တို့ကို အမှတ်လျှော့စေတဲ့ အချက်တစ်ချက်က ထင်ထင်ရှားရှားပေါ့လေ။ Metropolitan Water Authority မှာ စီးပွားရေးလုပ်ငန်းတစ်ခုက ရေသွယ်တန်းချင်ရင် Metropolitan Water Authority ကိုသွားရတယ်ဆိုပြီး ကမ္ဘာ့ဘဏ်ရဲ့ Record မှာ ရေးထားတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဲဒီဌာန ရှိကိုမရှိတာ။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့က ဖြေရှင်းရတာ ဖြစ်ပါတယ်။

စောစောကလို ဒေတာတွေက ရှိလားဆိုတော့ ရှိတယ်။ ဒါပေမယ့် ဝက်ဘ်ဆိုက်မှာမရှိတဲ့အတွက် အမှတ်မရဘူး။ အဲဒီတော့ ဝက်ဘ်ဆိုက်ကို တင်လိုက်တယ်။ ဝက်ဘ်ဆိုက်တင်တာ ချက်ချင်းတင်လို့ရတယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့က လုပ်ကြည့်တယ်။ အဲဒီလိုလုပ်ခြင်းကြောင့် ကျွန်တော်တို့က သိသိသာသာပြု ပြင်ပြောင်းလဲမှုအကောင်းဆုံး ကမ္ဘာ့ထိပ်တန်း နိုင်ငံ ၂၀ ထဲမှာ ပါဝင်လာတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ကျွန်တော်တို့အခုနှစ် အမှတ်နဲ့အဆင့်တွေ တိုးတက်လာတာ အညွှန်းကိန်း ၅ ခုမှာပဲလို့ သိရပါတယ်။ ကျန်တဲ့ မတိုးတက်သေးတဲ့ အညွှန်းကိန်း ၅ ခုကို တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်မယ်၊ ဘာကြောင့် တိုးတက်မှုတွေ နှေးကွေးတာလဲဆိုတာ ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးအောင်စိုး ။ ။** နှေးကွေးရတဲ့ အကြောင်းက သူတို့ ပြုပြင်ပြောင်းလဲမှု လုပ်ရာမှာ ခက်ခဲတဲ့အပိုင်း၊ အကန့်အသတ်တွေ ရှိနေတာလေးတွေကြောင့်လို့ ပြောလို့ရပါတယ်။ တချို့ကျတော့ လွယ်လွယ်ကူကူ လုပ်လို့မရဘူး။ ဥပမာ- ဥပဒေနဲ့ ဆက်စပ်တာတွေရှိတယ်။ ဥပဒေပြင်ရမှာတွေ ရှိတယ်။ အဲဒီလိုဥပဒေနဲ့ ဆက်စပ်တာတွေကျရင် ချက်ချင်းလုပ်လို့မရဘူး။ အဲဒါလေးကို အချိန်ယူရတယ်။ နောက်ပြီး တချို့ကျတော့ Infrastructure တွေပြုပြင်ရမှာတွေ ရှိတယ်။ ကွန်ပျူတာစနစ်တွေ တပ်ဆင်ရမှာတွေရှိတယ်။

*စာမျက်နှာ ၇ သို့*

**“မြန်မာက လုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲမှုက ဥပမာ အညွှန်းကိန်းတစ်ခုမှာ ၁၀ခုရှိတယ် ဆိုပါတော့ သူတို့အမြင်အရ ဒါကို ပြုပြင်ပြောင်းလဲမှု လုပ်တယ်လို့ သူတို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်နဲ့ မကိုက်ညီဘူး။ ဒါကတော့မရဘူး။ ဒါကတော့ရမယ်။ အဲဒီရမယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့က Action Plan ထဲမှာ ထည့်လိုက်တယ်။ ဖြစ်နိုင်တာကို ဒီနှစ်အတွင်းမှာဖြစ်အောင် လုပ်တယ် စသဖြင့်အဲဒီလိုနည်းနဲ့ တိုးတက်အောင်လုပ်တယ်”**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲကျင်းပ




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပထမဆုရရှိသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအား ဆုချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဝန်ထမ်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယမန်နေ့က နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။**

ထမနဲထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ (၁၂) လရာသီများ၌ တပို့တွဲလသည် အအေးဓာတ်အမြင့်ဆုံးကာလဖြစ်ပြီး အသားအရေဆီဓာတ် ခန်းခြောက်ချိန်ဖြစ်ကာ ဆီနိုင်သောအပူဓာတ်စာ ထမနဲကို စားသုံးရန် လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအနှံ့အပြားတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနသည်လည်း မြန်မာ့ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ထမနဲတွင်ပါဝင်သည့် ကောက်ညှင်း၊ ဆီ၊ အုန်းသီး၊ နှမ်း၊ မြေပဲစသည့် အမယ်များဖြင့် လူများက စုပေါင်းဆောင်ရွက်မှသာ အရသာကောင်းမွန်သည့် ထမနဲ ရရှိနိုင်မည်ဖြစ်သလို မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ပါက မိမိတို့ မျှော်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာသူများက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ထမနဲများကို အကဲဖြတ်အဖွဲ့ဒိုင်များက စစ်ဆေးအမှတ်ပေးပြီး ဆုပေးပွဲအား ဆက်လက်ကျင်းပရာ ပထမဆုရရှိသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ဒုတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တတိယဆုရရှိသော တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ထမနဲထိုးအဖွဲ့များအား ပြည်ထောင်စုဝန်ကြီးက ဆုများ ချီးမြှင့်ပေးအပ်သည်။

ယခု ကျင်းပပြုလုပ်သည့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၂၀ ပြည့်နှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသည် တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာရှိလူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ဒုတိယဝန်ကြီး ဦးတင်လတ် သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ကျိုက်သလဲကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ Tour Mandalay Co;Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးခင်ဇော်က ကျိုက်သလဲကျေးရွာအတွင်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်လာရောက်မှု၊ ခရီးသည်များ တည်းခိုနေထိုင်ရန်အဆောင်များ ဆောက်လုပ်ပြင်ဆင်ထားရှိမှုနှင့် စားပင်သီးပင်များ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**လူထုအခြေပြု ခရီးသွားလုပ်ငန်း**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်ဆောင်များ ပြင်ဆင်ထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ သန့်စင်ခန်းများ စနစ်တကျထားရှိမှုနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က တိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားလူမျိုးရှစ်မျိုးတို့၏ ရိုးရာအိမ်များ၊ ဒေသအထိမ်းအမှတ်ပုံစံငယ်များအား ရိုးရာဓလေ့ထုံးစံနှင့်အညီ ဆောက်လုပ်ပြသထားမှု၊ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် တိုင်းရင်းသားတိုင်းရင်းသူ သရုပ်ပြဝန်ထမ်းများ၏ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်မှု၊ ရိုးရာအိမ်များအတွင်း ရိုးရာအသုံးအဆောင်ပစ္စည်းများကို ရိုးရာဓလေ့ထုံးစံနှင့်အညီ ခင်းကျင်းပြသထားမှုနှင့် သက်ဆိုင်ရာဒေသအလိုက် ဒေသပေါက်ပင်များ စိုက်ပျိုးပြသထားမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လမုတော၊ ဒီရေရောက်တောများ ကာကွယ်ထိန်းသိမ်းထားရှိမှုများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားတိုင်းရင်းသူ သရုပ်ပြဝန်ထမ်းများ၏ တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။



**တိုင်းရင်းသားရိုးရာအိမ်များ ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ပြသထားသည့် တိုင်းရင်းသားလူမျိုး ရှစ်မျိုးတို့၏ ရိုးရာအိမ်များ၊ သက်ဆိုင်ရာ ဒေသအထိမ်းအမှတ်ပုံစံငယ်များ၊ ရိုးရာအိမ်များအတွင်း ရိုးရာအသုံးအဆောင် ပစ္စည်းများကို ရိုးရာဓလေ့ထုံးစံနှင့်အညီ ခင်းကျင်းပြသထားမှုများ၊ ရိုးရာအိမ်များတွင် အမှတ်တရပစ္စည်းနှင့် သက်ဆိုင်ရာဒေသထွက် အစားအစာများ ရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေး

**မြောင်းမြ ဖေဖော်ဝါရီ ၁၅**

ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် မြောင်းမြမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးမှ တာဝန်ရှိသူများသည် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် ကမကိုင်ကျေးရွာအုပ်စု ဝါးဘိုးတောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဒေသခံကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအရောက် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပေးမှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက မိမိတို့ ကျေးရွာဒေသအတွင်း ကျေးလက်မီးလင်းရေး၊ ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာကျောင်းအဆင့် တိုးမြှင့်ရေး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရရှိရေးတို့ကို ဆွေးနွေးမေးမြန်းရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒေသခံကျေးရွာပြည်သူများအား လက်ထောက်ဆေးရုံအုပ် ဒေါက်တာ ကျော်လင်းသန့်၊ မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မေပြုံးလွဲ့ယဉ်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဖြူစင်စေတနာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာ သာမန်ဆေးကုသခြင်း ၇၈ ဦး၊ မျက်စိဝေဒနာရှင် နှစ်ဦး၊ မြောင်းမြဆေးရုံကြီးသို့ ညွှန်းပို့လူနာ သုံးဦး စုစုပေါင်း ၈၃ ဦးတို့ကို အခမဲ့ဆေးကုသပေးနိုင်ခဲ့ကာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းကိစ္စများ ဆောင်ရွက်ပေးခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

*စာမျက်နှာ ၆ မှ*

ဒီအပိုင်းတွေကျတော့ ကြာတယ်။ တစ်ဆင့်ပြီး တစ်ဆင့် လုပ်ယူရတာတွေ ရှိတယ်။ တချို့ကျတော့ စပြီးစနစ်တစ်ခုကို သုံးလိုက်ပေမယ့် ဒီစနစ်ကို သုံးတဲ့လုပ်ငန်းရှင်တွေက ချက်ချင်းနားမလည်သေးတဲ့အတွက် အပြည့်အဝမသုံးသေးဘူး။ သုံးတဲ့ရာခိုင်နှုန်းနည်းတယ်ဆိုရင် သူတို့က အမှတ်မပေးသေးဘူး။ ဒီလိုအချက်တွေ မျိုးစုံရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဥပဒေတစ်ခုဆွဲမယ်ဆိုရင်လည်း ဥပဒေရဲ့ Process က ကြာတယ်။ အဆင့်ဆင့်လုပ်ရတယ်။ လွှတ်တော်တွေကို ဖြတ်သန်းရတယ်။ ဒါတွေက အချိန်ယူရတယ်။ တစ်ချိန်ကျရင် ပြီးသွားရင်တော့ အကျိုးသက်ရောက်မှုဖြစ်ပြီး တိုးတက်မှုရရှိမှာပါ။ တချို့မရသေးတဲ့ အချက်တွေက အဲဒါလေးတွေ လိုအပ်နေတာ ဖြစ်ပါတယ်။

တချို့ဟာတွေ ရပြီးသားအချက်တွေကလည်း လျော့လို့မရဘူး။ ကျွန်တော်တို့ နည်းနည်းလေး ပေါ့သွားရင်ကြာသွားမယ်၊ ခက်သွားမယ်ဆိုရင် အမှတ်က ပြန်လျော့နိုင်တယ်။ ဒါကြောင့် အမြဲတမ်းကို ကျွန်တော်တို့က ကြိုးစားနေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်စဉ်လက်ရှိအခြေအနေကနေ ရေတိုတစ်နှစ်အတွင်းမှာ ဘာတွေပြုပြင်ပြောင်းလဲရင် အကျိုးသက်ရောက်မယ် ဆိုတာတွေကိုလည်း ကျွန်တော်တို့က စာရင်းပြုစုတယ်။ ရေရှည်သုံးနှစ်၊ ငါးနှစ်လုပ်ရမှာတွေကိုလည်း ပြုစုတယ်။ ပြီးရင် Action Plan ဆွဲတယ်။ ဆွဲပြီးမှ ကျွန်တော်တို့က သက်ဆိုင်ရာ အညွှန်းကိန်းတွေကို အကောင်အထည်ဖော်တာ ဖြစ်ပါ တယ်။

ဖော်ရာမှာလည်း သူတို့လုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲမှုကို စာရင်းပြုစုပြီး ကမ္ဘာ့ဘဏ်က ပညာရှင်တွေနဲ့ တိုင်ပင်တယ်။ သူတို့ကလည်း လာတယ်။ တစ်ဖွဲ့ချင်းတွေ့တယ်။ တစ်ခါတလေ သူတို့က ဝါရှင်တန်နဲ့ မြန်မာနိုင်ငံ Video Conferencing လုပ်ပြီး တိုင်ပင်ဆွေးနွေးတာလည်း ရှိတယ်။ သူတို့က အကြံပေးတယ်။

မြန်မာက လုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲမှုက ဥပမာ အညွှန်းကိန်းတစ်ခုမှာ ၁၀ ခုရှိတယ်ဆိုပါတော့ သူတို့အမြင်အရ ဒါကို ပြုပြင်ပြောင်းလဲမှု လုပ်တယ်လို့ သူတို့ရဲ့ အဓိပ္ပာယ် သတ်မှတ်ချက်နဲ့ မကိုက်ညီဘူး။ ဒါကတော့ မရဘူး။ ဒါကတော့ရမယ်။ အဲဒီ ရမယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့က Action Plan ထဲမှာ ထည့်လိုက်တယ်။ ဖြစ်နိုင်တာကို ဒီနှစ်အတွင်းမှာဖြစ်အောင် လုပ်တယ် စသဖြင့် အဲဒီလိုနည်းနဲ့ တိုးတက်အောင် လုပ်တယ်။

အခုကျန်ခဲ့တဲ့ ငါးခုကလည်း သူ့အတိုင်း အတာအလျောက် လုပ်တော့နေကြတယ်။ ဒါပေမယ့် ခုနပြောတဲ့ Output ၊ Result မရသေးတဲ့အတွက် တိုးတက်မှုထဲမှာ မပါဘူး။ ကျန်တဲ့အညွှန်းကိန်း ငါးခုမှာ ပြုပြင်ပြောင်းလဲမှု လုပ်လိုက်နိုင်တာနဲ့တင် ကျွန်တော်တို့က ကမ္ဘာမှာပြုပြင်ပြောင်းလဲမှု အကောင်းဆုံး Top 20 Reformer နိုင်ငံထဲမှာ ပါသွားပြီး ဒီအဆင့်ကို တက်လာတာ ဖြစ်ပါတယ်။ အဲဒါမျိုးရအောင် ကျွန်တော်တို့ကလည်း ဆက်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒါ့အပြင်လည်း အခြားသော သူများနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ Mechanism တွေကို လေ့လာနေပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အသုံးချသွားဖို့ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ကျွန်တော်တို့ ဒီနေ့ ပြုလုပ်သွားတဲ့ စီးပွားရေးစကားဝိုင်းအစီအစဉ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ Ease of Doing Business အကြောင်းအရာနဲ့ ပတ်သက်လို့ ဆွေးနွေးသွားတဲ့ ပထမပိုင်းအစီအစဉ်ပဲ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒုတိယပိုင်းမှာ စီးပွားရေးနဲ့ ပတ်သက်လို့ ဘယ်လို အကြောင်းအရာတွေကို ဆွေးနွေးသွားမယ် ဆိုတာ ဆက်လက်ပြီး စောင့်မျှော်ကြည့်ရှုကြပါဦး ခင်ဗျာ။ ။**

# နိုင်ငံအတွက်၊ ပြည်သူအတွက် တတ်စွမ်းသည့်လုပ်ငန်းတာဝန်များကို ပိုမိုဖြည့်ဆည်းကာ လေ့လာသင်ယူကြခြင်းဖြင့် တန်ဖိုးကိုမြှင့်တင်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်တာ ခရီးမှတ်တမ်းအစီအစဉ်ကို ပြသသည်။

### သမိုင်းကြောင်း အလွန်ရှည်လျား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၇၄ နှစ်တာ သက်တမ်းကို အောင်မြင်စွာ ဖြတ်သန်းကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ၁၉၄၆ ခုနှစ်တွင် ဗမာ့အသံအဖြစ် စတင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် မြန်မာ့အသံ၊ ၁၉၈၀ ပြည့်နှစ်တွင် အရုပ်နှင့် အသံပါတွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါကြောင်း၊ ရုပ်မြင်သံကြား စတင်ကြည့်ရှုခွင့်ရရှိခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိလာပြီး ရေဒီယိုနားသောတဆင်ခွင့် ရရှိခဲ့သည်မှာလည်း ၇၄ နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းသည် အလွန်ပင်ရှည်လျားခဲ့ပြီ ဖြစ်ပါကြောင်း။

ကိန်းဂဏန်းကာလ မြင့်လာလေလေ အမည်နာမ၏ တန်ဖိုးသည်လည်း ရင့်လာလေဖြစ်ပါကြောင်း၊ အတွေ့အကြုံကောင်းများ ပိုမိုရရှိလာခြင်းကြောင့် တန်ဖိုးလည်း မြင့်မားလာရပါကြောင်း၊ ၇၄ နှစ်သက်တမ်းကို ဖြတ်သန်းခဲ့ပြီး ခေတ်ကာလအဆက်ဆက် ဖြစ်ရပ်များကို ပြည်သူများထံ တင်ဆက်နိုင်ခဲ့ပါကြောင်း၊ လွတ်လပ်ရေး မရခင်ကတည်းက ပေါ်ထွက်ခဲ့သည့်ဌာနကြီးဖြစ်ပြီး နိုင်ငံရေး ခေတ်စနစ်အမျိုးမျိုး ပြောင်းလဲလာမှုနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း ပြောင်းလဲမှုများစွာကို ကြုံတွေ့ခဲ့ရပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဆောင်ပုဒ်လည်းဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့သည် ခေတ်စနစ်များ မည်သို့ပင်ပြောင်းလဲသော်လည်း ပြည်သူများအတွက် လိုအပ်လျက်ရှိနေဦးမည်ဖြစ်ပါကြောင်း၊ အစိုးရတိုင်းသည် အများပြည်သူနှင့် ဆက်သွယ်သည့် ဆက်သွယ်ရေး ယန္တရား လိုအပ်မည်ဖြစ်ပါကြောင်း၊ အမည်နာမများသာ ပြောင်းလဲသွားနိုင်လျှင် ပြောင်းလဲသွားနိုင်သော်လည်း လုပ်ငန်း၏ အနှစ်သာရမှာ ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း၊ ယခင်နေရာများတွင် နည်းပညာသစ်များက အစားထိုးဝင်ရောက်လာနိုင်ပါကြောင်း၊ ယနေ့ အွန်လိုင်းခေတ်တွင်လည်း လူအများအတွက် သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေခြင်းတို့မှာ လိုအပ်နေမည်ပင်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့်အညီ နည်းပညာများကို အသုံးပြု၍ တင်ပြပုံပြောင်းလဲဆန်းသစ်ခြင်းများကို ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ အသွင်သဏ္ဌာန်များ ကွာခြားသွားနိုင်သော်လည်း အတွင်းအနှစ်သာရသည် ပြောင်းလဲမှုမရှိဘဲ အတတ်ပညာများ ပိုမိုဖြည့်ဆည်းကာ ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

### ကဏ္ဍအလိုက် လိုအပ်ချက်များဖြည့်ဆည်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများကိုလည်း အချိန်များစွာ ရင်းနှီးကာ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေကြချိန်တွင် မိမိဖန်တီးသည့်လက်ရာ၊ မိမိ၏ ဆောင်ရွက်ချက်များကို ကိုယ်တိုင်အကဲဖြတ်ကာ မိမိတန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းစေလိုပါကြောင်း၊ နိုင်ငံအတွက်၊ ပြည်သူအတွက် တတ်စွမ်းသည့်လုပ်ငန်းတာဝန်များကို ပိုမိုဖြည့်ဆည်းကာ လေ့လာသင်ယူကြခြင်းဖြင့် တန်ဖိုးကို မြှင့်တင်စေလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း အာရုံစူးစိုက်လုပ်ကိုင်ခြင်းနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် တိုးတက်မှုကို ရှာဖွေစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လာမည့်နှစ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၅ နှစ်မြောက် စိန်ရတုကာလကို ရောက်ရှိတော့မည် ဖြစ်ပါကြောင်း၊ လာမည့်နှစ်စိန်ရတုပွဲကိုလည်း ရုပ်ရှင်ရာပြည့်ပွဲတော်၊ တက္ကသိုလ်ရာပြည့်ပွဲတော်များ နည်းတူ ခမ်းနားစွာ ပြသတင်ဆက်စေလိုပါကြောင်း၊ ၇၅ နှစ်တာကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဆောင်ရွက်ခဲ့သည့် ဖြတ်သန်းမှုပုံရိပ်များ၊ ပစ္စည်းများနှင့် အမှတ်တရများကို ပြသစေလိုပါကြောင်း၊ ကြိုတင်၍လည်း ရုပ်သံအစီအစဉ်များတွင် စိန်ရတုပွဲအတွက် အစီအစဉ်များ ထည့်သွင်းတင်ဆက်စေလိုပါကြောင်း၊ ဂုဏ်ယူဝင့်ကြွားစွာဖြင့် တင်ဆက်ပြသနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးစားစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

### ဆုများချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လုပ်၊ ထုတ်လွှင့်မှုဆိုင်ရာ ထူးချွန်ဆုရရှိသူများဖြစ်သည့် အိပ်မက်လမ်းသို့ ခရီးရှည်အစီအစဉ်ဖြစ်သည့် ဝေးလံခေါင်ဖျားသည့် ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသသို့ သွားရောက်ကာ ပညာသင်ကြားပေးနေသည့် ပညာရေးဝန်ထမ်းများ၏ အကြောင်းကို ကြိုးစားတင်ဆက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားရုပ်သံလိုင်းမှ ဝန်ထမ်းများအားလည်းကောင်း၊ အသံလွှင့်ဌာနခွဲမှ ဦးခွန်နေဝင်းအားလည်းကောင်း ဆုများချီးမြှင့်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရေဒီယိုတင်ဆက်မှု ထူးချွန်ဆုရရှိသူ အသံလွှင့်ဌာနခွဲမှ ဒေါ်သဲစုမိုးနှင့် ရုပ်မြင်သံကြား တင်ဆက်မှုထူးချွန်ဆုရရှိသူ ရုပ်မြင်ဌာနခွဲမှ ဒေါ်အိမွန်ကျော်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

### စံပြ ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စက်ပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိသူ စက်မှုဌာနခွဲမှ ဦးရဲမာန်ဦး၊ ရိုက်ကူးရေးပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိသူ ဦးထွန်းနိုင်မောင်နှင့် ဌာနခွဲအလိုက် စံပြဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနခွဲအလိုက်စံပြဆုရရှိကြသူ ရှစ်ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအားလုံးအတွက် ဝတ်စုံစရိတ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ် (EIC) ဦးမျိုးမြင့်အောင်နှင့် ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးဇေယျာတို့ကို ပေးအပ်ပြီး နှစ်ပတ်လည်အခမ်းအနားအတွက် ကူညီပံ့ပိုးပေးသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

### ကံစမ်းမဲဖောက်ပေး

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲဖောက်ပေးသည့်အစီအစဉ်ကို ကျင်းပရာ ကံစမ်းမဲဆုကြီးများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့က လည်းကောင်း၊ ကျန်ဆုမဲများအား တာဝန်ရှိသူများကလည်းကောင်း မဲဖောက်ပေးခဲ့ကြ သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆုရရှိသည့် ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

◆ ကျောဖုံးမှ

ပြေးဆွဲနိုင်ဖို့ ၂၀၁၈ ခုနှစ်ကတည်းက ကြိုးစားဆောင်ရွက်ခဲ့တာပါ။ အခုတော့ ကျွန်တော်တို့ရဲ့ အိပ်မက်တွေ အမှန်တကယ် အကောင်အထည်ပေါ်လာပြီ” ဟု ၎င်းက ပြောသည်။

**ပူးပေါင်းပြေးဆွဲပေးသွားမည်**

အဆိုပါ နှစ်နိုင်ငံပူးပေါင်း ဘတ်စ်ကားလိုင်းပြေးဆွဲမှုတွင် မြန်မာနိုင်ငံမှ ရွှေမန္တလာ Express ကုမ္ပဏီဖြင့် မန္တလေး- မုံရွာ -ဂန့်ဂေါ-ကလေး -တမူးအထိ လည်းကောင်း၊ အိန္ဒိယနိုင်ငံ 7 Sisters ကုမ္ပဏီက တမူးနယ်စပ်မှ အိန္ဒိယနိုင်ငံ အင်ဖာအထိ လည်းကောင်း ပူးပေါင်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ကုမ္ပဏီက 7 Sisters ကုမ္ပဏီနဲ့ ပူးပေါင်းပြီး နှစ်နိုင်ငံ ခရီးသွားမြှင့်တင်မှုတွေ ဆောင်ရွက်မှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့ဘက်က တမူးနယ်စပ်ဂိတ်အထိကိုပဲ ပြေးဆွဲပေးနိုင်ပြီး နောက်ပိုင်းမှာ အင်ဖာမြို့အထိ တိုက်ရိုက်ပြေးဆွဲနိုင်ဖို့ ဆောင်ရွက်သွားမယ်။ အိန္ဒိယကုမ္ပဏီဘက်ကလည်း 7 Sisters ဆိုတဲ့အတိုင်း ပြည်နယ်ခုနစ်ခုနဲ့ ချိတ်ဆက်ထားတာဖြစ်လို့ လည်ပတ်စရာနေရာတွေ သွားနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်” ဟု ရွှေမန္တလာ Express ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးက ပြောသည်။

**ခရီးသွားဝင်ရောက်ဖို့ အဓိကထား**

ထို့အပြင် အိန္ဒိယနိုင်ငံ 7 sisters ကုမ္ပဏီမှ Managing Partner H.Radhakrishna Sharma ကလည်း “မြန်မာနိုင်ငံက လက်ရှိမှာ ပွင့်လင်းလာတဲ့ နိုင်ငံဖြစ်တဲ့အတွက် လည်ပတ်စရာတွေ အများကြီးရှိတယ်။ အခုလို ပူးပေါင်းတိုက်ရိုက်ပြေးဆွဲမှုမှာ မြန်မာနိုင်ငံဘက်ကို ခရီးသွားတွေ ပိုမိုဝင်ရောက်ဖို့ အဓိကထားပြီး အိန္ဒိယနိုင်ငံဘက်ကို ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်နဲ့ ဆေးဝါးကုသမှုတွေအတွက် အဓိကမျှော်မှန်းထားပါတယ်” ဟု ပြောသည်။

**စမ်းသပ်ပြေးဆွဲသွားမည်**

မန္တလေး-အင်ဖာ ပူးပေါင်းဘတ်စ်ကားလိုင်းဖြင့် မန္တလေးမှတမူးအထိ ၁၁ နာရီကြာမြင့်မည်ဖြစ်ပြီး တမူးမှ အင်ဖာမြို့သို့ သုံးနာရီကြာမြင့်မည်ဖြစ်ကာ အဆိုပါဘတ်စ်ကားလိုင်းပြေးဆွဲမှုကို မန္တလေးမြို့မှ ဧပြီ ၇ ရက်နေ့တွင် လည်းကောင်း၊ အင်ဖာမြို့မှ ဧပြီ ၈ ရက်နေ့တွင်လည်းကောင်း စတင်စမ်းသပ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



အိန္ဒိယနှင့် မြန်မာ တာဝန်ရှိသူများ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးအပြီး တွေ့ရစဉ်။

# ပူတာအို-နမ်ထွမ်ခူးလမ်း ၁၄ မိုင် ကျောက်ချောလမ်းခင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ပူတာအို ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ပူတာအို-နမ်ထွမ်ခူးလမ်း ၁၄ မိုင် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရာသီမရွေးနာရီပိုင်းအတွင်း သွားလာနိုင်တော့မည်**

ယင်းနမ်ထွမ်ခူးကျေးရွာအုပ်စုသည် ပူတာအိုမြို့၏ အနောက်ဘက် အစွန်ဆုံးတွင်ရှိသော ကျေးရွာအုပ်စုဖြစ်ခြင်းကြောင့် ယခင်က ပူတာအို-နမ်ထွမ်ခူး ဆက်သွယ်ထားသည့်လမ်းပိုင်းသည် မြေသားလမ်းသာဖြစ်၍ လူသွားလမ်းသာ ဖောက်လုပ်ထားပြီး ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲလျက်ရှိရာ ယခုအခါ ရာသီမရွေးနာရီပိုင်းအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

**ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်လာမည်**

ယင်းပူတာအို-နမ်ထွမ်ခူးလမ်းပိုင်း (၁၄)မိုင် ကျောက်ချောခင်းခြင်း လုပ်ငန်း ပြီးစီးသွားပါက နမ်ထွမ်ခူးကျေးရွာအုပ်စုအတွင်းရှိ လူဦးရေ ၃၀၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အကျိုးပြုလာမည့်အပြင် ဒေသတွင်း ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းခင်းရန် ကျန်ရှိသည့်အပိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါစစ်ဆေးပြီး ပြန်လည်လက်ခံ

**ကော့သောင်း ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၅၉ ဦးကို ယမန်နေ့ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက်ပြန်လည်လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် ကျန်းမာရေးဌာနနှင့် တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းတာစစ်ဆေးပြီး ပြန်လည်လက်ခံခဲ့သည်။

အဆိုပါအလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့က တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) သံသယရှိသူများ ပါဝင်လာခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ တစ်ဦးချင်းစီသို့ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ ယင်းသို့ လာရောက်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများတွင် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)ကူးစက်ခံရသည့် သံသယရှိသူများ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# တရုတ်နိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လာသူများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) အဆုတ်ရောင်ရောဂါ ကာကွယ်ရေးဟောပြော

**မြင်းခြံ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် နယ်မြေ(၈)၌ တရုတ်နိုင်ငံမှ ပြန်လာသူများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) အဆုတ်ရောင်ရောဂါကာကွယ်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်သည်။



ဟောပြောပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးမြင့်သူက လက်ဆေးနည်းအကြောင်း၊ မြင်းခြံမြို့နယ်တွင် တရုတ်နိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လာသူများကို မိမိတို့ ပြည်သူ့ကျန်းမာရေးဌာနမှ အမြဲမပြတ် စောင့်ကြည့်ပေးနေကြောင်း၊ တရုတ်နိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လာသူများရှိသည့် ရပ်ကွက်၊ ကျေးရွာ ၂၈ နေရာရှိပြီး လူဦးရေ ၁၁၂ ဦးရှိကြောင်း၊ ထိုသူများကိုလည်း ၁၄ ရက်တိတိ စောင့်ကြည့်၍ လိုအပ်ပါက စစ်ဆေးပါကြောင်း၊ ယခုအချိန်ထိ အဆိုပါရောဂါ ဖြစ်ပွားသူ မရှိသေးကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့ ပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လာသူများရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အကြောင်းကြားပေးစေလိုကြောင်း၊ လူစည်ကားရာနေရာများသို့ တတ်နိုင်သမျှ မသွားရောက်ရန်၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်ပါက လက်ကိုင်ပဝါဖြင့် အုပ်၍ ပြုလုပ်ရန် စသည်တို့ကို ဟောပြောသည်။ **(အပေါ်ပုံ)**

ထိုသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုရိုနာဗိုင်းရပ်စ်(COVID-19) ဟောပြောပွဲများ ပြုလုပ်သည်မှာ ရပ်ကွက် ကျေးရွာ စုစုပေါင်း ၉၄ နေရာတွင် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဟောပြောပွဲပြုလုပ်သည့် အမှတ်(၆)ရပ်ကွက် နယ်မြေ(၈)တွင် ရွှေလီမြို့မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ပြန်လာသူနှစ်ဦးနှင့် ယခုနှစ် ဇန်နဝါရီ ၁၈ ရက်က ပြန်လာသူတစ်ဦးတို့ရှိကြပြီး ထိုသူများကိုလည်း ၁၄ ရက်တိတိ စောင့်ကြည့်ပေးခဲ့ရာ ဤကဲ့သို့ လာရောက်ဟောပြောခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကိုရိုနာဗိုင်းရပ်စ် (COVID-19)လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီအထိ လူနာကိုးဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် ကြည့်ရှုကုသလျက်ရှိပြီး ကျန်းမာရေးကောင်းမွန်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့ လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လျန်ဟဲမြို့နေ အသက်(၃၈)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်းနှင့် ဝမ်းသွားခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ကြောင်း။

အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ခတ်ခွဲနမူနာရယူ၍ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူနာအား လတ်တလောစစ်ဆေးချက်များအရ အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ မတွေ့ရှိရကြောင်း ကျန်မားရေးနှင့် အားကစားဝန်ကြီး ဌာန၏ ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီအထိ လူနာကိုးဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် ဆက်လက်စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၄င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိရာ လူနာများ၏ ဓာတ်ခွဲအဖြေများ ထပ်မံရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကျန်မားရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

# နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပန်းပွဲတော်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် ပန်းပွဲတော်၌ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပန်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပန်းအမျိုးအစားပေါင်း သုံးဆယ်ကျော်နှင့် ပန်းပြကွက်မျိုးစုံကို ပန်းပင်ပေါင်း နှစ်သိန်းခွဲခန့်ဖြင့် နိုင်ငံတကာမှ ပန်းပညာရှင်များ၊ ဒီဇိုင်းပညာရှင်များက အလှဆင်ပြသထားသည်။

ပန်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း မတ် ၃၁ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့ရက်များတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး လာရောက်လည်ပတ်သူများအတွက် စားသောက်ဆိုင်တန်းများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။



နေပြည်တော် ရေပန်းဥယျာဉ် ပန်းပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ပန်းပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဆန်းမြတ်ထွန်း ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာနေလင်းထွန်းက "ပထမဆုံးအနေနဲ့ နေပြည်တော် ရေပန်းဥယျာဉ်မှာ ပြန်ပြီးတော့ ဆန်းသစ်နေပြီဆိုတာ အသိပေးချင်ပါတယ်။ ပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ အပတ်စဉ်တိုင်းမှာ ပြဇာတ်၊ အငြိမ့်၊ ယဉ်ကျေးမှုပြပွဲနဲ့ ပြည်သူတွေကိုယ်တိုင် ပါဝင်ဆင်နွဲနိုင်မယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ ပန်းပွဲတော်ကို ပြည်သူလူထုတွေ စိတ်ဝင်စားမှုများလာတဲ့အတွက် မတ် ၃၁ ရက်အထိ ကျင်းပဖို့ ဖြစ်သွားတာပါ" ဟု ပြောသည်။

ပထမအကြိမ်အဖြစ် ကျင်းပသည့် ပန်းပွဲတော်နှင့် ဖျော်ဖြေပွဲများကို နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအပြင် ပြည်ပခရီးသွားဧည့်သည်များပါ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ **သတင်းနှင့်ဓာတ်ပုံ-ဟိန်းမင်းစိုး**

# ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်ပြီး မူဆယ်မြို့ နယ်စပ်ဒေသတာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ ရွှေလီ-ကျယ်ဂေါင်တာဝန်ရှိသူများ အလွတ်သဘောတွေ့ဆုံ

**မူဆယ် ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံတွင် ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြိုတင်ကာကွယ်မှုနှင့် ပတ်သက်ပြီး မူဆယ်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့် ဦးဆောင်သည့် ဌာနဆိုင်ရာများနှင့် ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လီချီကွေ့ ဦးဆောင်သည့် တာဝန်ရှိသူတို့က လက်ရှိတရုတ်နိုင်ငံ၌ ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ခံရမှုအခြေအနေများနှင့် သေဆုံးမှုအခြေအနေများ၊ နယ်စပ်ဒေသတွင် ကြိုတင်ကာကွယ်မှု ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်တွင် နှစ်နိုင်ငံ ပိုင်းဝန်းပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများ ဆက်လက်ဆောင်ရွက်မှုတို့ကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက နှစ်နိုင်ငံ အဝင်အထွက် (နန်းတော်ဂိတ်) ချစ်ကြည်ရေးစင်တာ အစည်းအဝေးခန်းမ၌ အလွတ်သဘော တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**



တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လီချီကွေ့က တယ်ဟုန်ပြည်နယ် အစိုးရ တာဝန်ပေးချက်အရ ကိုရိုနာဗိုင်းရပ်စ်(COVID-19)နှင့် ပတ်သက်ပြီး ရွှေလီမြို့နှင့် ကျယ်ဂေါင်တို့တွင် ကြိုတင်ကာကွယ်မှုဆောင်ရွက်သည့် အခြေအနေများ၊ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် လူစည်ကားရာနေရာများကို ယာယီပိတ်ပင်ထားကြောင်း၊ တရုတ်နိုင်ငံဘက်တွင် အလုပ်လုပ်ကိုင်ကြသည့် မြန်မာပြောင်းရွှေ့အလုပ်သမားများထဲမှ မြန်မာနိုင်ငံသို့ ပြန်လိုသူများကို ကူညီဆောင်ရွက်ပေးကြောင်း၊ ကြိုတင်ကာကွယ်ရန်နှင့် ကျန်းမာရေးစစ်ဆေးမှု လိုအပ်ချက်များကြောင့် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှု ထိခိုက်နစ်နာရသည့်အပေါ် နားလည်ပေးစေလိုကြောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် နောက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကုန်တင်ယာဉ် ၂၀၀ ခန့်ဖြင့် ကုန်သွယ်စီးဆင်းမှု လည်ပတ်နေပြီး ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ပြည်သူများ လာရောက်ဝယ်ယူမှု နည်းပါကြောင်း၊ ရွှေလီမြို့ရှိ စက်ရုံများကိုလည်း ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ မူဆယ်မြို့ နယ်စပ်ဒေသတွင် သံသယလူနာတွေ့ရှိပါက တရုတ်နိုင်ငံ မန်စီမြို့သို့ လာရောက်ပြီး ဆေးစစ်နိုင်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကူးစက်မှုရှိ၊ မရှိ သွေးဖောက်စစ်ဆေးနိုင်သော စက်ကိရိယာများကို အစုံအလင်တပ်ဆင်ထားပြီ ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ဝိုင်းဝန်းပူးပေါင်းပြီး နယ်စပ်ဒေသတွင် ကြိုတင်ကာကွယ်မှုများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး မူဆယ်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးက မူဆယ်မြို့တွင် ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့တို့ ဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ကမ်းစာစောင်များ၊ အသိပညာပေး လုပ်ငန်းများနှင့် နှာခေါင်းစည်းများကို ပြည်သူလူထုများထံ အခမဲ့ဖြန့်ဝေမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်မှုများကို ကြာရှည်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များပါဝင်သည့် အဖွဲ့အစည်းတစ်ခု သီးသန့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သံသယရှိသည့် လူနာတွေ့ရှိပါက တရုတ်နိုင်ငံ မန်စီမြို့သို့ ဆေးစစ်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုများထံ သတင်းဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်မှုများကို ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပေးသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ် (COVID-19)ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး စီးပွားရေးအခြေအနေများ အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်လာမည်ဟု ယုံကြည်မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကိုရိုနာဗိုင်းရပ်စ်(COVID-19) ရောဂါအခြေအနေများ၊ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ခံရပါက အချက်ပြမည့် ရောဂါလက္ခဏာအခြေအနေများ၊ ကူးစက်ခံရခြင်းမှ ကြိုတင်ကာကွယ်ရမည့် အခြေအနေများ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးအခြေအနေများ၊ နှစ်နိုင်ငံ ဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများ ဆက်လက်လုပ်ဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် အခြားနယ်စပ်အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ် မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

## ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးအောင်က ယနေ့ဆွေးနွေးပွဲသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးပွဲဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ယခုကဲ့သို့ လာရောက်ဆွေးနွေး ဟောပြောပေးမှုအား ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနရှိ ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုသိရှိပြီး တိကျစွာလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ရုံးတက်ရုံးဆင်းချိန်များတွင် အမြန်ရောက်လိုဇောဖြင့် လမ်းပြောင်းပြန်မောင်းခြင်း၊ ကျော်တက်ခြင်းများအား မပြုလုပ်ကြရန်လိုကြောင်း၊ ဖယ်ရီယာဉ်များ ရုံးသို့အချိန်မီရောက်ရှိအောင် ယာဉ်စထွက်သည့်နေရာမှ ကြိုတင်ထွက်သင့်ကြောင်း၊ အမြန်လို၍ မောင်းနှင်ပါက အန္တရာယ်ရှိကြောင်း၊ ယာဉ်မောင်း၏ လက်ထဲတွင် ဝန်ထမ်းများ၏ အသက်များကို အပ်နှင်းထားရသဖြင့် စည်းကမ်းတကျ မောင်းနှင်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု ဖြစ်စဉ်များရှိခဲ့ပြီး နောင်မဖြစ်ပွားစေရေး အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုဟောပြောပွဲပြီးနောက်ပိုင်းတွင် ဝန်ထမ်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုသိရှိထားပြီးဖြစ်သည့်အတွက် အထူးဂရုပြုလိုက်နာဆောင်ရွက်သွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ နေပြည်တော်မှ ဒုရဲအုပ် ဌေးလွင်(ခ) နေမျိုးသူရက ရှင်းလင်းဟောပြောရာ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် လိုက်နာဆောင်ရွက်ရန် အချက်များ၊ စည်းကမ်းဖောက်ဖျက်မောင်းနှင်မှုများကြောင့် သေဆုံးဒဏ်ရာရရှိမှု အခြေအနေများ၊ ယာဉ်မောင်းလိုင်စင် အမျိုးအစား ၁၁ မျိုးနှင့် ပတ်သက်၍ သိရှိရမည့်အချက်များ၊ ယာဉ်တိုက်မှုဖြစ်ပွားရာတွင် အရေးယူဆောင်ရွက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ၊ ယာဉ်အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားဆောင်ရွက်ရန် သတ်မှတ်ချက်များကို ဆွေးနွေးပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးအတွက် ဗီဒီယို မှတ်တမ်းများနှင့်တကွ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မေးခွန်းများအား ပြန်လည်မေးမြန်းဆွေးနွေးပြီး ဆိုင်ကယ်ဦးထုပ်နှင့် အသိပညာပေး အိပ်ဆောင်စာအုပ်များ ပေးဝေကြောင်း သိရသည်။

**သတင်းစဉ်**




ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပစဉ်။

# ပဥ္စမအကြိမ်မြောက် ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၁၅**

မန္တလေး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် 'ဝေရောစန' ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပဥ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ ကြံ့နှစ်ကောင် ဘိလပ်မြေဖလား အဆင့်မြင့် ၁၀ ပေါက်တန်းနှင့် ၆ ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က စေတီတော်အနီးရှိ အားကစားကွင်း၌ ကျင်းပခဲ့သည်။

ပိုက်ကျော်ခြင်း အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပြည်ထဲရေး အမျိုးသမီးအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အား/ကာ သိပ္ပံ(ရန်ကုန်)အသင်းက တတိယနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက ဒုတိယ ရရှိကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား နှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေးအသင်းက ရွှေကျွန်းသား အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ကာကွယ်ရေးအသင်းက တတိယနှင့် ရွှေကျွန်းသားအသင်းက ဒုတိယ ရရှိသွားသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ဗိုလ်လုပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက ကာကွယ်ရေးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး သရက်ကြီးအသင်းက တတိယနှင့် ကာကွယ်ရေးအသင်းက ဒုတိယ ရရှိသွားသည်။

ဝိုင်းဖွဲ့ခြင်းလုံးခတ် ဒုတိယတန်းအဆင့် ခြောက်ပေါက်တန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းအသင်းက ပထမ၊ မြဝတီ(ကရင်အသင်း)က ဒုတိယနှင့် ပြည်မြို့နယ်အသင်းက တတိယ၊ ဝိုင်းဖွဲ့ခြင်းလုံးခတ် ပထမတန်းအဆင့် ခြောက်ပေါက်တန်းပြိုင်ပွဲတွင် 2 Two club အသင်းက ပထမ၊ Spider (မြင်းခြံအသင်း) က ဒုတိယ၊ ချမ်းမြရွှေစင်(မန္တလေးအသင်း) က တတိယ၊ ဝိုင်းဖွဲ့ခြင်းလုံးခတ် အဆင့်မြင့် ၁၀ ပေါက်တန်းပြိုင်ပွဲတွင် Spider (မြင်းခြံအသင်း) က ပထမ၊ 2 Two club (ရန်ကုန်အသင်း) က ဒုတိယ၊ မျိုးဆက်သစ် (ရန်ကုန်အသင်း) က တတိယ အသီးသီးရရှိကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ခြောက်ပေါက်တန်း၊ ၁၀ ပေါက်တန်း အဆင့်မြင့်တန်းခြင်းလုံးအသင်းတို့မှ ဆုရအသင်းတို့ကို ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ကြံ့နှစ်ကောင်ဘိလပ်မြေ မန်နေဂျာနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပထမတံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးပြီး အမျိုးသမီးပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ ပထမဆုရ ပြည်ထဲရေးအသင်းနှင့် နှစ်ယောက်တွဲ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမဆုရ ပြည်ထဲရေးအသင်းတို့ကို ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပထမတံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သုံးယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမ ဗိုလ်စွဲခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ပထမတံခွန်စိုက် ဆုဖလား ချီးမြှင့်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❖ *ကျောဖုံးမှ*

ဟံသာဝတီအသင်းသည် ယခုရာသီတွင် ပွဲတိုင်းအနိုင်ရထားသည့် မှတ်တမ်းကောင်း ပိုင်ဆိုင်ထားပြီး ရတနာပုံအသင်းကို လေးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးခဲ့ရပြီး ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၁၅ မိနစ်တွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး အောင်သူ ဖန်တီးပေးသည့် ဘောလုံးကို လှိုင်းဘိုဘိုက ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၄၅ မိနစ်တွင် တိုက်စစ်မှူး ဒိုနယ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်မူ ဟံသာဝတီအသင်းက ပွဲကိုထိန်းချုပ်ခဲ့ပြီး ၅၇ မိနစ်တွင် ဒိုနယ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၈၃ မိနစ်တွင် အီမီကာနှင့် ၉၀+၃ မိနစ်တွင် ဟိန်းထက်အောင်တို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းနှင့် မကွေးအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၆ ရက်**(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မန္တလာသီရိကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် စစ်ကိုင်းအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **ညီမြတ်သော်တာ**

# DIMENSION ကဗျာစာအုပ်သစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မျိုးဆက်သစ် ကဗျာချစ်သူများဖြစ်ကြသည့် လင်းအသ‌ျှေ၊ ဇင်မင်းအောင်၊ ညကျောင်းသား၊ နိုင်းနော်ဝေ တို့၏ "DIMENSION" ကဗျာစာအုပ်သစ် မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

**အမှတ်တရစကားများ ပြောကြား**

ကဗျာစာအုပ်သစ် မိတ်ဆက်ပွဲတွင် စာရေးဆရာများဖြစ်ကြသည့် ဆရာမင်းချမ်းမွန်၊ ဆရာ အောင်ဇင်မင်း၊ ဆရာ အောင်ကျော်လင်း တို့က အမှတ်တရစကားများ ပြောကြားသည်။

**ထုတ်ဝေဖြန့်ချိ**

အဆိုပါ ကဗျာစာအုပ်ကို မန္တလေးမြို့ အာသီသစာပေမှထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာငွေကျပ် ၂၂၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**



ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇)ရက်၊ (၁၅-၂-၂၀၂၀)၊ စနေနေ့၊ ညနေ (၃:၅၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

### နိုင်ငံတော်သြဝါဒါစရိယ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဆင်အင်းကြီးကျေးရွာတွင် ခမည်းတော် ဦးကံကြီးအောင် မယ်တော် ဒေါ်ညိုပုချေ တို့မှ ၁၂၉၃ ခုနှစ်၊ နတ်တော်လဆန်း(၆)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်နေ့တွင် ဆင်အင်းကြီးကျေးရွာ၊ ဆင်အင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅)ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ဆင်အင်းကြီးကျောင်း ခဏ္ဍသိမ်၌ မြောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည်ပုဏ္ဏားကျွန်းမြို့နယ်၊ဆင်အင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ကျွဲထိုးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပါလ၊ မန္တလေးမြို့၊ ညောင်ရမ်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏာ ဘိဝံသ၊ ရန်ကုန်မြို့၊ ရန်ကင်းအောင်ကျောင်းဆရာတော် ဘဒ္ဒန္တကစ္စာယနာ လင်္ကာရ၊ အလယ်တောရပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဘဒ္ဒန္တသီလ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်ကို တည်ထောင်၍ စာသင်သားရဟန်းသာမဏေများအား ပထမပြန်၊ ဓမ္မာစရိယဆိုင်ရာ စာပေများပို့ချတော်မူခြင်းနှင့် ရခိုင်ပြည်နယ်သြဝါဒါစရိယအဖြစ်လည်းကောင်း၊ အစိုးရဓမ္မာစရိယနှင့် ပထမပြန်၊ နိကာယ်စာမေးပွဲများ၏ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် ဆောင်ရွက်တော်မူခြင်း၊ သာသနဓုရာဝဟာဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထဓုရာဝဟာဂုဏ်၊ ဂဏာ စရိယဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ သံဃ ဂဏာဝိရောဓနဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်၊ (၁၅-၂-၂၀၂၀)၊ စနေနေ့၊ ညနေ (၃:၅၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် သာသနာ့ဟိတစာမေးပွဲ စာအောင် သံဃာတော်နှင့် သာသနာ့အနွယ်ဝင်သီလရှင်များ၏ ဆုနှင်းသဘင်ပွဲတော်ကို ရွှေပြည်သာမြို့နယ် သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်း၌ ကျင်းပရာ စာအောင်သံဃာတော်အား ဆုဆက်ကပ်စဉ်။ (ရွှေပြည်သာမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း/သီလရှင်ကျောင်းပေါင်း ၂၈၈ ကျောင်းမှ ၅၇၁ ပါး ဖြေဆိုတော်မူ၍ ၃၀၇ ပါး အောင်မြင်တော်မူကြောင်း သိရသည်။)
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကုန်ဓာတ်ပုံပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

(၁၂)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ကို မဟာဗန္ဓုလပန်းခြံ၌ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၁ ရက်အထိ ကျင်းပရန် ပြင်ဆင်လျက်ရာ ဓာတ်ပုံပြပွဲများ၊ ပိတ်ကားထက် ဓာတ်ပုံဇာတ်လမ်းများကို ဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲ တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ **မိုး/ဇလ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

**ဝုဗ်နှင့် လက်စတာ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံး**

ပရီမီယာလိဂ်ပွဲစဉ် (၂၆)၏ အစောဆုံးပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဝုဗ်နှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ လက်စတာအသင်းသည် ပရီမီယာလိဂ် ၂၆ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယား အဆင့် ၃ နေရာတွင် ရပ်တည်နေသည်။ ဝုဗ်အသင်းသည် နောက်ဆုံးငါးပွဲတွင် တစ်ပွဲသာ အနိုင်ရရှိထားပြီး နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားကာ လက်စတာအသင်းက နောက်ဆုံးငါးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဖေဖော်ဝါရီ ၁၅ ရက်က ကစားသည့် ဆောက်သမ်တန်နှင့် ဘန်လေပွဲတွင် ဘန်လေက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**အစ္စကိုအား အာဆင်နယ်နှင့် ချယ်လ်ဆီး ခေါ်ယူလို**

အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့သည် ရီးရဲမက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား အစ္စကို (၂၇နှစ်) ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အင်္ဂလန်ကစားသမား သုံးဦးကို ခေါ်ယူရန် မန်ယူလျာထား**

မန်ယူအသင်းသည် ပေါလ်ပေါ့ဂ်ဘာကို ရောင်းထုတ်ခဲ့ပါက အင်္ဂလန်ကစားသမားသုံးဦးဖြစ်သော လက်စတာကွင်းလယ်ကစားသမား ဂျိမ်းစ် မက်ဒီဆင် (၂၃နှစ်)၊ အက်စတွန်ဗီလာအသင်းမှ ကွင်းလယ်ကစားသမား ဂရီရယ်လစ် (၂၄နှစ်) နှင့် ဒေ့ါမွန်အသင်းမှ တိုက်စစ်ကစားသမား ဆန်ချို (၁၉နှစ်) တို့ကို ခေါ်ယူရန် လျာထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင်မူ လက်စတာကွင်းလယ်ကစားသမား ဂျိမ်းစ် မက်ဒီဆင်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့လိုနေကြောင်း ဖော်ပြထားသည်။

**အင်တာမီလန်၏ ပစ်မှတ် အူဘာမီယန် ဖြစ်လာဖွယ်ရှိ**

အင်တာမီလန်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ အသက် (၂၂ နှစ်)အရွယ် အာဂျင်တီးနားတိုက်စစ်ကစားသမား မာတီနက်ဇ်ကို လက်လွှတ်ခဲ့ရပါက အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်မှူး အူဘာမီယန် (၃၀နှစ်)ကို ခေါ်ယူရန် ပစ်မှတ်ထားလာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် စပိန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့ကလည်း အာဂျင်တီးနားတိုက်စစ်ကစားသမား မာတီနက်ဇ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဖော်ပြထားသည်။

**ဖရန့်ဖတ်ကို ဒေ့ါမွန် လေးဂိုးပြတ်အနိုင်ရရှိ**

ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၂၂ ၏ အစောဆုံးပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဒေ့ါမွန်နှင့် ဖရန့်ဖတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေ့ါမွန်အသင်းက လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဒေ့ါမွန်အသင်းအတွက် ဂိုးများကို ပွဲချိန် ၃၃၊ ၄၉၊ ၅၄နှင့် ၇၄ မိနစ်တို့တွင် ပီးစ်ဇက်၊ ဆန်ချို၊ ဟာလန်းနှင့် ဂွာရဲရိုးတို့က သွင်းယူပေးခဲ့သည်။ ဒေ့ါမွန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် သုံးပွဲအနိုင်ရရှိပြီး နှစ်ပွဲရှုံးနိမ့်ထားကာ ဖရန့်ဖတ်အသင်းက နောက်ဆုံးငါးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။

**အောင်ဇော်**

# ပထမအကြိမ် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် မာရသွန်အပြေးပြိုင်ပွဲ ပြိုင်ပွဲဝင် ၂၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

SME Development Bank က ကြီးမှူးကျင်းပသည့် ပထမအကြိမ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် မာရသွန်အပြေးပြိုင်ပွဲ ၂၀၂၀ ပြိုင်ပွဲကို ယနေ့ နံနက် ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမား ၂၀၀၀ ကျော် ပါဝင် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက အလံဝှေ့ယမ်း၍ ကီလိုမီတာအလိုက် တာလွှတ်ပေးခဲ့ရာ သုဝဏ္ဏဘောလုံးအားကစားကွင်းရှေ့မှ စတင်ပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ အုတ်ပုံဆိပ်လမ်းဆုံအထိ လာရာလမ်းအတိုင်း ပြေးလမ်းခရီးအများဆုံး (၂၁ ကီလိုမီတာ) နှင့် သုဝဏ္ဏဘောလုံးအားကစားကွင်းရှေ့မှ သံသုမာလမ်း (ဂန္ဓမာလမ်းနှင့် သံသုမာလမ်းဆုံမှ လာရာလမ်းအတိုင်း) ပြေးလမ်းခရီး (၁၁ ကီလိုမီတာ)နှင့် သုဝဏ္ဏဘောလုံးအားကစားကွင်းရှေ့မှ ဝေဇယန္တာလမ်းနှင့် ကျော်သူလမ်းဆုံမှ လာရာလမ်းအတိုင်း ပြေးလမ်းခရီး(၅ ကီလိုမီတာ) စသည့်ပြိုင်ပွဲများ သုဝဏ္ဏဘောလုံးအားကစားကွင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲများအပြီး အမျိုးသား ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယ ငွေကျပ် ၁၅ သိန်း၊ တတိယငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုများ၊ အမျိုးသမီး ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုများ၊ အမျိုးသား ၁၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမ ငွေကျပ် ၁၅ သိန်း၊ ဒုတိယ ၁၀ သိန်း၊ တတိယငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆုများ၊ အမျိုးသမီး ပထမငွေကျပ် ၁၅ သိန်း၊ ဒုတိယ ငွေကျပ် ၁၀ သိန်း၊ တတိယ ငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆုများ၊ အမျိုးသား ၅ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၀ သိန်း ၊ ဒုတိယ ငွေကျပ် ငါးသိန်း၊ တတိယ ငွေကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆုများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

SME Bank Mini Marathon မာရသွန်အပြေးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ ပြည်တွင်းသာမက ပြည်ပမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ပြည်သူလူထုတို့သည် အပြေးအားကစားမှတစ်ဆင့် ပိုမိုချစ်ကြည်ရင်းနှီးလာစေရန်နှင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ ပါဝင်ဆင်နွှဲနိုင်ခြင်း၊ မိသားစုများအနေဖြင့်လည်း အမှတ်တရနေ့တစ်နေ့အဖြစ် ဖန်တီးနိုင်အောင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**




မာရသွန်အပြေးပြိုင်ပွဲဝင်များအား စတင်တာလွှတ်ပေးစဉ်။

● *ကျောဖုံးမှ*

ဖူဆယ်လိဂ် ပြိုင်ပွဲတွင် လေးကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး MIU အသင်းက နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများသွင်းယူနိုင်သော်လည်း VUC အသင်းက ချေပဂိုးများပြန်သွင်းကာ နှစ်ဂိုးစီ သရေကျပြီးနောက်ပိုင်းတွင် နှစ်ဂိုး ထပ်မံသွင်းယူပြီး လေးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ VUC အသင်းသည် နှစ်ဂိုးအသာဖြင့် ပြန်လည်ဦးဆောင်ခွင့် ရခဲ့သော်လည်း လက်ကျန်မိနစ်များတွင် ပွဲကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ MIU အသင်းက ချေပဂိုးများပြန်သွင်းကာ လေးဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

အခြားပွဲများတွင် Dream Team က Winner အသင်းကို ငါးဂိုး-သုံးဂိုး၊ Do Do Ko Ko အသင်းက လက်ဝဲသုန္ဒရအသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ GV အသင်းက ဖူဆယ်ချစ်သူအသင်းကို လေးဂိုး-တစ်ဂိုး၊ On Doctor အသင်းက AMM Brothers အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MFF ယူ-၁၉ အသင်းက မြို့မ JY အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဆုများပေးအပ်ချီးမြှင့်**

VUC နှင့် MIU အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်(၅)ရရှိသည့် MFF ယူ-၁၉ အသင်းအား ဆုကြေးငွေကျပ် ၂၅ သိန်း၊ အဆင့်(၄)ရရှိသည့် On Doctor အသင်းအား ငွေကျပ်သိန်း ၄၀၊ အကောင်းဆုံးကစားသမားဆုရရှိသည့် တိုတာ(VUC) အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ညီညီသန့် (GV)အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အသန့်ရှင်းဆုံး အသင်းဆုရရှိသည့် MFF ယူ-၁၉ အသင်းအား ဆုဖလားနှင့် ဆုကြေး ငွေကျပ် ငါးသိန်း။

တတိယဆုရရှိသည့် GV အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၆၀၊ ဒုတိယဆုရရှိသည့် VUC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ပထမဆုရရှိသည့် MIU အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ အသင်းပိုင်ရှင်များက ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် MIU အသင်းနှင့် VUC အသင်းတို့ ၆၂ မှတ်စီရသော်လည်း အဝေးဂိုးစည်းမျဉ်းဖြင့် MIU အသင်းက ချန်ပီယံဖြစ်ကာ VUC အသင်းက ဒုတိယဆုရခဲ့သည်။ GV အသင်းက ၅၄ မှတ်ဖြင့် တတိယ၊ On Doctor အသင်းက ၃၉ မှတ်ဖြင့် အဆင့် (၄)၊ MFF ယူ-၁၉ အသင်းက ၃၁ မှတ်ဖြင့် အဆင့် ၅၊ မြို့မ JY အသင်းက အဆင့် (၆)၊ Winner အသင်းက အဆင့် (၇)၊ Do Do Ko Ko အသင်းက အဆင့် (၈)၊ Dream Team က အဆင့် (၉)၊ AMM Brothers အသင်းက အဆင့် (၁၀)၊ ဖူဆယ်ချစ်သူအသင်းက အဆင့် (၁၁)၊ လက်ဝဲသုန္ဒရအသင်းက အဆင့် (၁၂) ရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် ၇၅ သိန်း၊ တတိယဆုငွေကျပ်သိန်း ၆၀၊ စတုတ္ထဆု ငွေကျပ်သိန်း ၄၀၊ ပဉ္စမဆု ငွေကျပ် ၂၅ သိန်း၊ အဆင့် ၆၊ ၇ အသင်းကို ငွေကျပ် သိန်း ၂၀ စီ၊ အဆင့် ၈ အသင်းကို ငွေကျပ် ၁၅ သိန်း၊ အဆင့် ၉ အသင်းကို ငွေကျပ် ၁၀ သိန်းနှင့် ကျန်သုံးသင်းကို ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ခဲ့သည်။

**ညီမြတ်သော်တာ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အထက်မော်ရှန်ကျေးရွာ အိမ်အမှတ်(၁/စီ-၃) နေ လျူဟွ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၀၆ ကီလိုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် အိုရီယမ်တယ်တိုးဂိတ် အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မစန်းစန်းကြူ (ခ)



မစန်းစန်းကြူ(ခ)မကြူ အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မကြူထံမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) ဆန်ဆိုင်း(၅) လမ်းတွင် ရန်ချန်ဟန် (ခ)အားချန် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ကျောက်တောင်ကျေးရွာအဝင် (၇)မိုင်လမ်းခွဲအနီး မိုးမိတ်-မဘိမ်းသွား ကားလမ်းတွင် သောင်းညွန့်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၂ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ အိမ်အမှတ် (လခတ/ ၅၃)ရှိ မခေါန်ရာ၏ နေအိမ်ကိုရှာဖွေရာ မခေါန်ရာအား ငွေကျပ် ၁၅၀၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ မဆွမ်လွတ်ထုဆိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ ဘိန်းဖြူ ၀ ဒသမ ၃၆၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက် လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်နှင့် လိုင်စင်မဲ့ယာဉ်ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၇ စီး၊ သွင်းကုန် ၁၂၅၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၅၇ သန်းခန့် တန်ဖိုးရှိ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်နှင့် လိုင်စင်မဲ့ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေးမြို့၌ မီးလောင်မှုဖြစ်ပွား

**ရေး ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ပုပ္ပါးလမ်းထောင့်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကျိုက်ဖုဘုရားဝင်းဈေးဆိုင်ခန်း အတွင်း၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က ဆိုင်ခန်းအမှတ်(၈) တွင် လေထိုးကျွတ်ဖာလုပ်ငန်း လုပ်ကိုင်နေသူ ဦးငွေဝင်းသည် ခြင်ဆေးခွေ မီးထွန်းပြီး ဆိုင်သိမ်းပြန်ခဲ့ရာ ခြင်ဆေးခွေမှတစ်ဆင့် ကားတာယာ ကျွတ်စ အပိုင်းအစများအား မီးကူးစက်လောင်မှုကြောင့် ဦးငွေဝင်း ငှားရမ်းလုပ်ကိုင်နေသည့် ဆိုင်ခန်းအမှတ် (၇၊ ၈၊ ၉) ဆိုင်ခန်းသုံးခန်းနှင့် ဆိုင်ကယ် အဟောင်း တစ်စီး၊ တာရာဟောင်း ၁၀ လုံး ဆုံးရှုံးခဲ့ကြောင်းသိရပြီး နံနက် ၃ နာရီ မိနစ်၄၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးငွေဝင်းအား ရေးမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှုခင်းအသိပညာပေး ဟောပြော

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှ ဖေဖော်ဝါရီလ ဒုတိယပတ်က မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ အ.ထ.က(၃) ကျောင်း၌ မှုခင်းအသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မှုခင်းအသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုဝင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး အမှတ် (၅၅) မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူး ခင်မောင်ဆွေမင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ထင် တို့ဦးစီးသော ရဲတပ်ဖွဲ့များက မူးယစ်ဆေးဝါး အန္တရာယ်တားဆီးနှိမ်နင်းရေးဆိုင်ရာ မှုခင်းအသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာအုပ်စု သောင်ခုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၃ ရက်က တော်လန်းရဲကင်းစခန်းမှူး ဒုရဲအုပ် ဝင်းကိုကို၊ တော်ကူးရဲကင်း စခန်းမှူး ဒုရဲအုပ် တင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးရွှေတို့က သောင်ခုံကျေးရွာနေ ပြည်သူများအား ဓာတုပစ္စည်းအန္တရာယ် ကြုံတင်ကာကွယ်ရန်နှင့် လျော့နည်းစေရန်အတွက် ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာကျင့်သုံးရန် ရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်တို့နှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်စဉ်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၃၅ - MRTV Travelogue (သဘာဝရဲ့အလှတရားများဆီသို့) (အပိုင်း-၇)
- ၁၀:၀၀ - Sunday Talk
- ၁၂:၃၅ - This Week's Special Interest
- ၁၂:၅၀ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် “တွေးရခက်ကြီး” (ဖိုးပါကြီး၊ ခင်လေးဆွေ) (ဒါရိုက်တာ-အောင်မိုးအောင်မြတ်)

- ၁၅:၁၅ - “ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်”

**ညပိုင်း**

- ၁၅:၄၅ - MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇွဲကပင် ယူနိုက်တက် FC အသင်းနှင့် ရှမ်းယူနိုက်တက် FC အသင်း)
- ၁၈:၂၅ - ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု “ကျန်စစ်မင်း” (အပိုင်း-၁)
- ၁၈:၄၀ - သူတို့ဒေသ၊ သူတို့ဘဝ “ဆီးနှင်းခဲရာ ဘားနန်(စ်)ရွာ”
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “သူရဲကောင်းတို့ရဲ့ ဒဏ္ဍာရီ” (အပိုင်း-၉)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှအနုပညာဘဝ) “အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီ” (အပိုင်း-၁)
- \- မြန်မာဗီဒီယိုဇာတ်လမ်း “ခင်ဗျားကို ကျွန်တော် မချစ်ဘူး” (ဇေရဲထက်၊ ဝတ်မှုံရွှေရည်) ဒါရိုက်တာ-ဝင်းထွန်းထွန်း

# ရန်ကုန်မှ မော်လမြိုင်သို့ ဓာတ်ဆီသယ်ဆောင်လာသည့် ယာဉ်တစ်စီး ဓာတ်တိုင်တိုက်မိ၍ တိမ်းမှောက်မီးလောင်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီးမှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ယာဉ်မောင်း ဦးဇော်ဝင်းထွန်း မောင်းနှင်လာသော ဓာတ်ဆီဘောက်ဆာယာဉ်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ပိုင် အကျဉ်းထောင်လမ်း ရဲတပ်ဖွဲ့ဝင်များ နေသည့် တန်းလျားအနီးရှိ ဓာတ်တိုင်ကိုတိုက်မိပြီး တိမ်းမှောက်၍ မီးလောင်သွားကြောင်း သိရသည်။

အဆိုပါနေရာသို့ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ် (မုတ္တမမီးသတ်)၊ ချောင်းဆုံမြို့နယ်၊ မုဒုံမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းမီးငြိမ်းသတ်မှုကြောင့် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားပြီး ယာဉ်မောင်း ဦးဇော်ဝင်းထွန်းကို မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ဖားကန့်မြို့နယ်၌ ကားနှင့်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီး သေဆုံး

**ဖားကန့် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာတွင် ဖေဖော်ဝါရီ ၁၄ ရက်က ဝေ့ခါကျေးရွာအနီး စွန့်ပစ်မြေစာပစ်သည့် လမ်းကြောင်းတွင် ယာဉ်မောင်း ဇော်မျိုး (၂၀ နှစ်) မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှင့် မြေစာပုံတွင် ဈေးရောင်းရန် ဝေ့ခါကျေးရွာ မော်သစ်ကုန်းနေ မခင်သက်ဝေ (၂၄ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ မခင်သက်ဝေမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် သေဆုံးသူအား ဆိပ်မူနယ်မြေ ရဲကင်းစခန်းမှ တာဝန်ရှိသူများက ဝေ့ခါကျေးရွာ လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ဝေ့ခါတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကာ ယာဉ်မောင်း ဇော်မျိုးကို ဖားကန့်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ခင်ဦးမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင် လူနေအိမ် ခြောက်လုံး မီးလောင်ဆုံးရှုံး

**ခင်ဦး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုဖြစ်ရာ လူနေအိမ် ခြောက်လုံး မီးလောင်ဆုံးရှုံးကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

အဆိုပါသတင်းအရ ခင်ဦးမြို့နယ်နှင့် ရွှေဘိုမြို့နယ် မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ငါးဦးနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ရခြင်းမှာ ဦးမြအေး (၄၈ နှစ်) ၏ နေအိမ်ရှိ မီးဖိုခန်း မီးကြွင်းမီးကျန်မှတစ်ဆင့် ထရံသို့ မီးကူးစက်လောင်ခဲ့ပြီး ဦးမြအေး၏ မြေစိုက်နှစ်ထပ်အိမ် တစ်လုံးအပါအဝင် စုစုပေါင်း လူနေအိမ် ခြောက်လုံး မီးလောင် ဆုံးရှုံးခဲ့ကာ ဦးမြအေးတွင် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ထီးချိုင့်မြို့နယ်တွင် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ထီးချိုင့် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဝန်တင်ကုန်း ကျေးရွာတွင် ဖေဖော်ဝါရီ ၁၄ ရက် ည ၁၀ နာရီခန့်က ထီးချိုင့်မြို့နယ် ဝန်တင်ကုန်းကျေးရွာနေ မျိုးမင်းသူနှင့် တစ်ရွာတည်းနေ ရဲကိုကိုတို့ နှစ်ဦးသည် အရက်အတူ သောက်ရာမှ စကားများရန်ဖြစ်ပြီး ရဲကိုကိုက ဓားဖြင့် ထိုးသဖြင့် မျိုးမင်းသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါအမှုမှ လူသတ်မှုကျူးလွန်သူ အမြန်ပေါ်ပေါက်ရေးအတွက် ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူး လှနောင်ဦးစီးသောအဖွဲ့က သွားရောက်ရှာဖွေဖမ်းဆီးရာ ရဲကိုကိုမှာ ထွက်ပြေးလွတ်မြောက်သွားဖြင့် အမြန်ဖမ်းမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဆီးရီးယားစစ်လေယာဉ်တစ်စင်း သူပုန်များထိန်းချုပ်ရာဧရိယာတွင် ပစ်ချခံရပြီး လေယာဉ်အမှုထမ်းများသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ သူပုန်များ နောက်ဆုံးခြေကုပ်ယူထားရာ ဧရိယာတွင် ဖေဖော်ဝါရီ ၁၄ ရက်က ဆီးရီးယားစစ်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရကြောင်း သိရသည်။ တူရကီနှင့် တင်းမာမှုများ မြင့်တက်နေသည့် ရက်သတ္တပတ်အတွင်း ထိုသို့စစ်လေယာဉ်ပစ်ချခံရမှုသည် ဒုတိယအကြိမ်ဖြစ်သည်။

မော်စကို၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို သတိထားသည့်အနေဖြင့် အနောက်မဟာမိတ်နိုင်ငံများကို စောင့်ကြည့်ရန် အမေရိကန်က တူရကီကို တိုက်တွန်းလျက်ရှိချိန် တူရကီတပ်ဖွဲ့ဝင်များနှင့် ရုရှားထောက်ခံသည့် အစိုးရတပ်ဖွဲ့တို့ တိုက်ခိုက်မှုများဖြစ်ပွားနေစဉ်အတွင်း ဆီးရီးယားစစ်လေယာဉ်ပစ်ချခံရမှု ဖြစ်ပေါ်လာခဲ့သည်။

ဆီးရီးယားနှင့် ရုရှားတပ်ဖွဲ့များသည် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက စတင်ကာ နိုင်ငံအနောက်မြောက်ပိုင်းရှိ သူပုန်များကို တိုက်ခိုက်လျက်ရှိပြီး တိုက်ခိုက်မှုများကြောင့် ယမန်နေ့က အရပ်သားကိုးဦး သေဆုံးခဲ့ရသည်။ အလက်ပိုမြို့ အနောက်ဘက်အစွန်အဖျား၌ ရန်သူ့ဒုံးကျည်တစ်စင်း ထိမှန်မှုကြောင့် ဆီးရီးယားစစ်လေယာဉ် ပျက်ကျခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။

လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်အမှုထမ်းများအားလုံး သေဆုံးခဲ့ကြောင်း သိရသည်။ တူရကီကျောထောက်နောက်ခံပေးထားသည့် သူပုန်များရှိရာ ယူရမ်အယ်လ်ကူဘရာမြို့အနီးတွင် လေယာဉ်ပစ်ချခံခဲ့ရခြင်းဖြစ်ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ



စစ်လေယာဉ်ပျက်ကျခဲ့သည့်နေရာတွင် စူးစမ်းနေသည့် ဆီးရီးယားနိုင်ငံသားလူငယ်တချို့ကို တွေ့ရစဉ်။

# ဥရောပသမဂ္ဂမှလေယာဉ်များအပေါ် အမေရိကန်က ၁၅ ရာခိုင်နှုန်း အခွန်တိုးကောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်သည် ဥရောပမှ လေယာဉ်တင်ပို့မှုအပေါ် လက်ရှိကောက်ခံနေသည့် အခွန် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

အခွန်တိုးကောက်ခံမှုသည် လာမည့်မတ်လ ၁၈ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်တစ်ဦးက ဖေဖော်ဝါရီ ၁၄ ရက်က ပြောကြားခဲ့သည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် အမေရိကန်လေယာဉ်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုးရင်းနှင့် ပြင်သစ်အခြေစိုက် အဲဘတ်စ်ကုမ္ပဏီတို့အပေါ် ၎င်းတို့က အသီးသီးထောက်ပံ့ကြေးပေးအပ်မှုများနှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ နှစ်ဖက်စလုံးက ထိုသို့အကူအညီ ပေးအပ်နေမှုမှာ တရားမဝင်ကြောင်း တစ်ဖက်နှင့် တစ်ဖက် အပြစ်တင်လျက်ရှိသည်။





အဲဘတ်စ်ကုမ္ပဏီထုတ်လေယာဉ်များကို တွေ့ရစဉ်။

ပြီးခဲ့သည့်နှစ်က အမေရိကန်အစိုးရသည် ဥရောပမှ လေယာဉ်များအပေါ် ထပ်ဆောင်းအခွန်ကောက်ခံခဲ့ပြီး ဒိန်ခဲနှင့် ဝိုင်အပါအဝင် လယ်ယာထွက်ပစ္စည်းနှင့် အခြားကုန်စည်များအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံခဲ့သည်။ လေယာဉ်နှင့် မသက်ဆိုင်သည့် အခြားကုန်စည်များအပေါ်တွင် ထပ်ဆောင်းအခွန်ကောက်ခံသည့်နှုန်းကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးကိုယ်စားလှယ်က ပြောကြားခဲ့ပြီး ဥရောပသမဂ္ဂအနေဖြင့် အဲဘတ်စ်ကုမ္ပဏီအပေါ် ထောက်ပံ့ပေးနေမှုကိုလျှော့ချရန် ၎င်းက တိုက်တွန်းတောင်းဆိုလိုက်သည်။ **အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်နေသည့် ဂျပန်အပျော်စီးသင်္ဘောပေါ်မှ အမေရိကန်ပြည်သူများကို ကယ်ဆယ်ရွှေ့ပြောင်းမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူများရှိနေသည့် အပျော်စီးသင်္ဘောပေါ်မှ အမေရိကန်နိုင်ငံသားများကို ကယ်ဆယ်ရွှေ့ပြောင်းကာ နေရပ်သို့ လေယာဉ်ဖြင့် ပြန်ပို့ဆောင်မည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ယခုအခါ ဂျပန်အပျော်စီးသင်္ဘောပေါ်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ အရေအတွက် ဆက်လက်မြင့်တက်လျက်ရှိသည်။ ဒိုင်းမွန်းပရင့်ဆက်စ်သင်္ဘောပေါ်ရှိ ခရီးသည် ၂၈၅ ဦးထက်မနည်းမှာ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် အဖျားရှိနေပြီး ကျန်းမာရေးစစ်ဆေးမှုခံယူရဦးမည့် ခရီးသည်ရာနှင့်ချီ ကျန်ရှိနေသေးကြောင်း သိရသည်။ ကျန်းမာရေးစစ်ဆေးမှုကို ဖေဖော်ဝါရီ ၁၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

အမေရိကန်အစိုးရက သင်္ဘောပေါ်ရှိအမေရိကန်နိုင်ငံသားများကို သင်္ဘောမှဆင်းစေကာ အမေရိကန်သို့ပို့ဆောင်ပေးပြီး နောက်ထပ်စစ်ဆေးစောင့်ကြည့်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သံရုံး၏အကြောင်းကြားစာတွင် ဖော်ပြခဲ့သည်။ ကယ်ဆယ်ရွှေ့ပြောင်းခံရသူများသည် အမေရိကန်သို့ပြန်လည်ရောက်ရှိပြီးနောက်တွင် နောက်ထပ် ၁၄ ရက်ကြာ သီးသန့်ထားရှိကာ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း သတိပေးထားသည်။ **အေအက်ဖ်ပီ**

# တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဩစတြီးယားဝန်ကြီးချုပ်တို့ တွေ့ဆုံ

**မြူးနစ် ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိနှင့် ဩစတြီးယားဝန်ကြီးချုပ် စီဘတ်စ်တင်ခရုဇ်တို့သည် ဖေဖော်ဝါရီ ၁၄ ရက်က ဂျာမနီနိုင်ငံမြူးနစ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံမှုအတွင်း မစ္စတာစီဘတ်စ်တင်ခရုဇ်က တရုတ်နိုင်ငံသည် ဩစတြီးယားနိုင်ငံ၏ အရေးကြီးသည့်မိတ်ဖက်ဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရာတွင် ချစ်ကြည်ရင်းနှီးမှုမှာ အတိုင်းထက်အလွန်ဖြစ်ကြောင်းနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်မှုရှိနေကြောင်း၊ တရုတ်နိုင်ငံတွင် ရင်ဆိုင်နေရသည့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်း လျင်မြန်စွာအောင်မြင်မှုရှိစေရန် ဆန္ဒပြုကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဘာလင်၌ ဂီတပွဲတစ်ခု အပြင်ဘက်တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွား

**ဘာလင် ဖေဖော်ဝါရီ ၁၅**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဖေဖော်ဝါရီ ၁၄ ရက် နှောင်းပိုင်းက ဒေသဂီတပွဲတစ်ခုအနီး သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမန်အာဏာပိုင်များက ပြောကြားခဲ့သည်။

ဘာလင်မြို့လယ်ကောင်ရှိ ပိုစဒါမာပလတ်ဇ်အနီး တန်ပိုဒရွန်ခန်းမအပြင်ဘက်တွင် လူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သံသယရှိသူများကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်းသိရသည်။

**ဆင်ဟွာ**

# ဟေတီကလေးစောင့်ရှောက်ရေးဂေဟာတစ်ခု၌ မီးလောင်မှုကြောင့် ကလေးငယ် ၁၅ ဦး သေဆုံး

**ပေါ်တူပရင့်စ် ဖေဖော်ဝါရီ ၁၅**

ဟေတီနိုင်ငံမြို့တော် ပေါ်တူပရင့်စ်အပြင်ဘက်ရှိ လိုင်စင်မဲ့ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် ၁၅ ဦးသေဆုံးခဲ့ကြောင်း တရားသူကြီးတစ်ဦးက အေအက်ပီသို့ ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်က ကျွန်းနိုင်ငံတစ်ခုဖြစ်သည့် ဟေတီနိုင်ငံ၏ ကလေးသူငယ်များ လူမှုဘဝဖူလုံရေးအဖွဲ့အစည်းများ၏ ချွတ်ယွင်းအားနည်းချက်များကို မီးမောင်းထိုးပြလျက်ရှိသည်။ မီးတောက်များလောင်ကျွမ်းခံရမှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံးခဲ့ပြီး ကျန်ကလေးငယ် ၁၃ ဦးမှာ မီးခိုးငွေ့များ မွန်းကျပ်ခဲ့မှုကြောင့် ဆေးရုံသို့အရောက်တွင် သေဆုံးသွားခဲ့ကြောင်း တရားသူကြီးရာမွန်ဒီယန်း အန်တိုနီက ပြောကြားခဲ့သည်။



မီးလောင်မှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် ကလေးစောင့်ရှောက်ရေးဂေဟာအဆောက်အအုံကို ၂၀၁၃ ခုနှစ်က မိဘမဲ့ဂေဟာတစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိခဲ့ခြင်းမရှိခဲ့သော်လည်း ကလေးငယ် ၆၆ ဦးကို လက်ခံထားရှိခဲ့ကြောင်း ၎င်းက ပြောသည်။ မီးလောင်မှုသည် ဖေဖော်ဝါရီ ၁၃ ရက် ည ၉ နာရီတွင် ပေါ်တူပရင့်စ်မြို့တောင်ပိုင်း လူဦးရေငါးသောင်းနေထိုင်ရာ မြို့ငယ်တစ်ခုဖြစ်သည့် ကန်စကော့ဖ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကလေးငယ်တစ်ဦး၏ ပြောပြချက်အရ မီးလောင်မှုသည် လျှပ်စစ်မီးမရရှိမှုကြောင့် ကလေးငယ်တစ်ဦးက ၎င်းတို့၏အခန်းများတွင် ဖယောင်းတိုင်မီးထွန်းညှိရာမှ အစပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လတ်တလောတွင် မီးလောင်ရခြင်းအကြောင်းရင်းကို သိရှိနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေပြီး မီးလောင်မှုတွင် တာဝန်ရှိသူများကို ဖော်ထုတ်နိုင်ရန် ဥပဒေအရ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# သမ္မတထရမ့်ရဲ့ အီရန်အပေါ် စစ်ရေးအရဆုံးဖြတ်ပိုင်ခွင့်ကို ကန့်သတ်လိုက်တဲ့ ဥပဒေ

ကလျာမိုးမြင့်

ကွန်ဂရက်လွှတ်တော်ရဲ့ အတည်ပြုချက်မပါရှိဘဲနဲ့ သမ္မတထရမ့်က အီရန်အပေါ်မှာ စစ်ရေးအရစီမံဆုံးဖြတ်နေတာတွေကို ကန့်သတ်ဖို့ ၎င်းရဲ့ ရီပတ်ဘလစ်ကန်အဖွဲ့သားတွေက ရေးဆွဲခဲ့တဲ့ ဥပဒေကြမ်းကို ဆီးနိတ်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မှုပြုလုပ်ပြီး အတည်ပြုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**အီရန်ရဲ့အန္တရာယ်ကိုသတိပေး**

သမ္မတထရမ့်က ၎င်းအပေါ်မှာ ဒီလိုထိန်းချုပ်ကန့်သတ်ဖို့ ကြိုးစားခြင်းက အမေရိကကို အီရန်ရဲ့ အန္တရာယ်ကနေ ဘေးကင်းလုံခြုံမှုမရှိတော့တဲ့အနေအထား ကျရောက်လာစေလိမ့်မယ်လို့ သတိပေးစကားဆိုလိုက်ပြီး သိပ်မကြာသေးခင်မှာပဲ အီရန်အပေါ်မှာ စစ်ရေးအရလုပ်ပိုင်ခွင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံမဲ ၅၅ မဲ၊ ကန့်ကွက်မဲ ၄၅ မဲနဲ့ ဆီးနိတ်လွှတ်တော်က အတည်ပြုလိုက်ပါတယ်။

စစ်ရေးဆုံးဖြတ်ခွင့်ကို ကန့်သတ်တဲ့ ဥပဒေ သမ္မတအိမ်ဖြူတော်အထိ ရောက်ရှိလာတဲ့အခါ သမ္မတထရမ့်အနေနဲ့ အဲဒီဥပဒေကို ဗီတိုအာဏာနဲ့ ပယ်ချဦးမလား မဆိုနိုင်သေးပါဘူး။ အများစုကတော့ အဲဒီလိုလုပ်နိုင်တယ်လို့ ထင်ကြေးပေးနေကြတယ်။ ထင်ကြေးပေးမယ်ဆိုလည်း ပေးလောက်စရာကောင်းအောင် သမ္မတထရမ့်ဟာ နိုင်ငံ့အရေးကိစ္စတွေမှာ ဗီတိုအာဏာကို မကြာခဏဆိုသလို အသုံးပြုခဲ့သူပါပဲ။

**တိုက်တွန်းစည်းရုံး**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ ဆီးနိတ်လွှတ်တော်ရဲ့ နေရာအများစုကို လွှမ်းမိုးထားတဲ့ ရီပတ်ဘလစ်ကန်ပါတီမှ အမတ်ရှစ်ဦးက သမ္မတထရမ့်အနေနဲ့ အီရန်အပေါ်စစ်ဆင်ရေးလုပ်ငန်းတွေမဆောင်ရွက်ခင် ကွန်ဂရက်လွှတ်တော်နဲ့ အရင်ဆုံးတိုင်ပင်ဆွေးနွေးစေဖို့ အတင်းအကျပ်တွန်းအားပေးဖို့အတွက် မဲခွဲဆုံးဖြတ်မှုပြုလုပ်ကြဖို့ ပါတီကို တိုက်တွန်းစည်းရုံးခဲ့ကြပါတယ်။

မဲခွဲဆုံးဖြတ်မှုမပြုလုပ်ခင် တစ်ရက်အလိုမှာ သမ္မတထရမ့်က နိုင်ငံ့လုံခြုံရေးအတွက် အမေရိကန်ဆီးနိတ်လွှတ်တော်က အီရန်အပေါ် စစ်ရေးဆုံးဖြတ်ပိုင်ခွင့် ဥပဒေကို မဲမပေးဖို့ သိပ်ကိုအရေးကြီးတယ်။ အီရန်နဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ ကောင်းစွာကိုင်တွယ်လုပ်ဆောင်နေကြတယ်။ ဒါပေမယ့် အခုအချိန်ဟာ ကိုယ့်နိုင်ငံရဲ့ အားနည်းမှုကို ဖော်ပြဖို့ အချိန်အခါကောင်းမဟုတ်ဘူး။ တကယ်လို့ ကျွန်ုပ်ရဲ့လက်တွေကို ချည်နှောင်ထားရင် အီရန်အနေနဲ့ ကျွန်ုပ်တို့ကို အောင်မြင်စွာထိုးနှက်ဖို့ အခွင့်အရေးရသွားလိမ့်မယ်လို့ ထရမ့်က တွစ်တာပေါ်မှာ သတိပေးရေးသားခဲ့ပါသေးတယ်။ ဒါပေမယ့်လည်း မဲခွဲဆုံးဖြတ်မှုကို ဆီးနိတ်လွှတ်တော်က လုပ်ဖြစ်အောင်လုပ်ခဲ့ပါတယ်။

**ဘာကြောင့် မဲပေးဖို့ဖြစ်လာသလဲ**

ဒီဥပဒေအရ ကွန်ဂရက်လွှတ်တော်က စစ်မကြေညာမချင်း၊ ဒါမှမဟုတ် အထူးစစ်အင်အားတစ်ရပ်ရပ်ကို အသုံးပြုခွင့်ပေးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်မပြုမချင်း သမ္မတထရမ့်အနေနဲ့ အီရန်အပေါ်မှာ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ဖို့ တာဝန်ပေးထားတဲ့ တပ်ဖွဲ့ဝင်တွေကို သမ္မတထရမ့်က ဖယ်ရှားလိုက်ဖို့ လိုမှာဖြစ်ပါတယ်။ အမေရိကန်အနေနဲ့ နိုင်ငံအပေါ် ကျရောက်လာနိုင်တဲ့ ကြိုတင်မသိနိုင်သော တိုက်ခိုက်မှုတွေကနေ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်း မပြုနိုင်အောင် တားဆီးထားခြင်းမျိုး ဥပဒေရဲ့ဘယ်အစိတ်အပိုင်းမှာမှ ထည့်သွင်းရေးဆွဲထားခြင်းမရှိဘူးလို့ ဖော်ပြထားတယ်လို့လည်း သိရပါတယ်။

> **စစ်ရေးဆုံးဖြတ်ခွင့်ကို ကန့်သတ်တဲ့ဥပဒေ သမ္မတအိမ်ဖြူတော်အထိ ရောက်ရှိလာတဲ့အခါ သမ္မတထရမ့်အနေနဲ့ အဲဒီဥပဒေကို ဗီတိုအာဏာနဲ့ ပယ်ချဦးမလား မဆိုနိုင်သေးပါဘူး**
>
> **တကယ်လို့ ကျွန်ုပ်ရဲ့လက်တွေကိုချည်နှောင်ထားရင် အီရန်အနေနဲ့ ကျွန်ုပ်တို့ကို အောင်မြင်စွာထိုးနှက်ဖို့ အခွင့်အရေးရသွားလိမ့်မယ်လို့ ထရမ့်က တွစ်တာပေါ်မှာ သတိပေး**

**အီရန်လုပ်လက်နက်များ သိမ်းဆည်း**

အမေရိကန်လေတပ်ဖွဲ့ဟာ မကြာသေးခင်ရက်ပိုင်းအတွင်းမှာပဲ အီရန်က ဒီဇိုင်းဆွဲထုတ်လုပ်ထားတယ်လို့ ယူဆရတဲ့ လက်နက်အများအပြားကို အာရေဗျပင်လယ်အတွင်းမှာ သိမ်းဆည်းခဲ့ကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီလိုကြေညာခဲ့ပြီး နာရီအနည်းငယ်အကြာမှာ စစ်ရေးဆုံးဖြတ်ပိုင်ခွင့်ဥပဒေကို ဆီးနိတ်လွှတ်တော်က မဲခွဲဆုံးဖြတ်အတည်ပြုလိုက်တဲ့ ကိစ္စကဖြစ်လာခဲ့ပါတယ်။

ဖော်ပြချက်ထဲမှာ ယူအက်စ်အက်စ်နော်မန်ဒီရေတပ်သင်္ဘောက ဟာဒီလာဗီရက် အမျိုးအစားတင့်ကားပစ် ဒုံးကျည်အစင်းပေါင်း ၁၅၀ သာမက အီရန်လုပ် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တွေနဲ့ လေကြောင်းနဲ့ ရေကြောင်းဆိုင်ရာ ကိရိယာအစိတ်အပိုင်းတွေကိုပါ သိမ်းဆည်းခဲ့တယ်လို့ ဖော်ပြထားပါတယ်။

**ထောက်ခံသူနဲ့ကန့်ကွက်သူများ**

စစ်ရေးဆုံးဖြတ်ပိုင်ခွင့် ဥပဒေပြုရေးမှာ တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဗာဂျီးနီးယားဆီးနိတ်လွှတ်တော်အမတ် တင်ကိုင်နီက ဥပဒေအတည်ပြုနိုင်ခဲ့မှုကို ဂုဏ်ပြုခဲ့ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ကျွန်ုပ်တို့ရဲ့ ယူနီဖောင်းဝတ်ဆင်ထားတဲ့ လူငယ်အမျိုးသား အမျိုးသမီးတွေကို သူတို့ရဲ့ဘဝနဲ့ ကျန်းမာပျော်ရွှင်မှုကို စစ်ပွဲထဲမှာ စတေးကြဖို့ အမိန့်ပေးရတော့မယ်ဆိုရင်တောင် တကယ့်ကို နှိုင်းနှိုင်းချိန်ချိန်နဲ့ ဂရုတစိုက် စဉ်းစားဆင်ခြင်မှုအပေါ် အခြေခံထားတဲ့ အမိန့်ပေးခြင်းပဲ ဖြစ်သင့်တယ်လို့ ၎င်းက ထောက်ပြခဲ့တာ ဖြစ်ပါတယ်။

စစ်ရေးဆုံးဖြတ်ခွင့်ဥပဒေအတည်ပြုလိုက်တဲ့အပေါ် သဘောကျထောက်ခံသူရှိသလို မနှစ်မြို့သူတွေလည်း ရှိတာပါပဲ။ မစ္စစ္စပီ ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော်အမတ် ရော်ဂျာဝစ်ကာက ဒီကိစ္စမှာ ၎င်းရဲ့ သဘောထားကွဲလွဲမှု ကို တွစ်တာပေါ်မှာ ပြောင်ပြောင်တင်းတင်းပဲ ရေးသားဖော်ပြထားတာကိုတွေ့ရပါတယ်။

နိုင်ငံရေးအရ အရေးကြီးဆုံးဖြစ်နေတဲ့ အချိန်အခါမျိုးမှာ သမ္မတဟာ အမြန်ဆုံးဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိဖို့ လိုအပ်ပြီး ကွန်ဂရက်လွှတ်တော်က နေရာတကာလိုက်ပြီး ချုပ်ချယ်တာကို ခံနေစရာအကြောင်းမရှိလှဘူးလို့ ဆိုထားပါတယ်။ ယူတားပြည်နယ် ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော်အမတ် မိုက်လီက ဒီဥပဒေဟာသမ္မတထရမ့်ရဲ့ အဓိကဦးစားပေးအစီအစဉ်တွေနဲ့ ကိုက်ညီမှုရှိတယ်။ ကျွန်ုပ်တို့ရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်လို့ သမ္မတထရမ့်ရဲ့ လုပ်ဆောင်ချက်မှန်သမျှကို ထောက်ခံတယ်လို့ ပြောပါတယ်။

**အမေရိကန်-အီရန် လတ်တလောဆက်ဆံရေး**

ပြီးခဲ့တဲ့လအတွင်း အီရန်ရဲ့ ဒုတိယဩဇာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးလို့ယူဆရတဲ့ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီကို အမေရိကန်က လုပ်ကြံသတ်ဖြတ်ခဲ့မှုဟာ နှစ်နိုင်ငံအကြား စစ်ရေးတင်းမာမှုတွေ မြင့်တက်လာခဲ့ပြီး စစ်ပွဲကြီး ဖြစ်လာတော့မလားဆိုပြီး နိုင်ငံတကာက စိုးထိတ်ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးမှုကို ဒေါသထွက်ခဲ့ရတဲ့ အီရန်က လက်တုံ့ပြန်တဲ့အနေနဲ့ အီရတ်မှာရှိတဲ့ အမေရိကန်စစ်အခြေစိုက်စခန်းတွေကို တိုက်ခိုက်ခဲ့တာကြောင့် အမေရိကန်စစ်မှုထမ်း ၁၀၉ ဦးဟာ ဦးနှောက်ထိခိုက်မှု ခံစားခဲ့ရပါတယ်။

**တင်းမာမှုတွေရဲ့မူလဇာစ်မြစ်**

အမေရိကန်နဲ့ အီရန်ဟာ ဘယ်တုန်းကမှ ပြေလည်မှုမရှိခဲ့ကြဖူးတဲ့ မဟာရန်သူတော်တွေအဖြစ်နဲ့ရှိလာခဲ့တာ အတော်လေးကြာခဲ့ပါပြီ။ ပြဿနာရဲ့ဇာစ်မြစ်ကို နောက်ကြောင်းလိုက်ကြည့်ရင် ၁၉၇၉ ခုနှစ်မှာ အမေရိကန်ကို ထောက်ခံတဲ့ အီရန်ရဲ့ ရှားဘုရင် ထီးနန်းဖြုတ်ချခံလိုက်ရပြီးနောက် အီရန်ဟာ အစ္စလာမ့်နိုင်ငံတော်တစ်ခု ဖြစ်လာခဲ့တာကနေ အစပြုပါတယ်။ အဲဒီနှစ်မှာ တော်လှန်ရေးကာလကြောင့် ပေါ်ထွက်လာတဲ့အခြေအနေဆိုးတွေကြားမှာ အမေရိကန်နိုင်ငံသားတွေကို မြို့တော် တီဟီရန်ရှိ အမေရိကန်သံရုံးအတွင်းမှာ ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ရာက နှစ်နိုင်ငံဆက်ဆံရေး ပျက်ယွင်းလို့ တင်းမာမှုတွေ ပေါက်ဖွားလာခဲ့ရပါတယ်။

၂၀၁၅ ခုနှစ်မှာ အီရန်ရဲ့ နျူကလီးယားအစီအစဉ်တွေကို ထိန်းချုပ်ကန့်သတ်ဖို့ သမိုင်းဝင်သဘောတူညီမှုတစ်ရပ်ကို အီရန်က သဘောတူလက်ခံခဲ့ချိန်မှာ အပြန်အလှန်အနေနဲ့ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးဖို့ လုပ်ဆောင်ခဲ့ရာက သံတမန်ရေးအရ ပြေလည်မှုရရှိတဲ့ လက္ခဏာမျိုး တွေ့ခဲ့ရပေမယ့် ၂၀၁၈ ခုနှစ်မှာတော့ သမ္မတထရမ့်က စာချုပ်ကို စွန့်လွှတ်လိုက်ပြီး အီရန်အပေါ် ပိတ်ဆို့မှုတွေ ပြန်လည်ချမှတ်ခဲ့တဲ့အတွက် ယခင်ကလိုပဲ ရန်သူတော်တွေ ပြန်ဖြစ်သွားခဲ့ကြပါတယ်။

ကိုးကား- ဘီဘီစီ၊ အေအက်ဖ်ပီ

---

## နိုင်ငံတကာ သတင်းတိုထွာ

### တိုကျို၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ နောက်ထပ်ရှစ်ဦးရှိကြောင်း အတည်ပြု

**တိုကျို ဖေဖော်ဝါရီ ၁၅**

တိုကျိုမြို့၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ်ရှစ်ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း တိုကျိုမက်ထရိုပိုလီတန် အုပ်ချုပ်ရေးအဖွဲ့အာဏာပိုင်များက အတည်ပြုခဲ့သည်။

ဖေဖော်ဝါရီ ၁၄ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည့် အငှားယာဉ်မောင်းနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံမှုရှိခဲ့သူ ရှစ်ဦးတို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

မက်ထရိုပိုလီတန် အုပ်ချုပ်ရေးအဖွဲ့သည် တိုကျိုမြို့ရှိ အငှားယာဉ်မောင်းအမျိုးသားနှင့် နီးကပ်စွာရှိခဲ့သည်ဟု ယူဆရသည့် လူ ၁၀၀ ကျော်ကို ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်း ရှိ မရှိ စစ်ဆေးခဲ့ပြီးနောက် အဆိုပါ ရှစ်ဦးကို တွေ့ရှိခဲ့သည်။

အင်န်အိတ်ချ်ကေ

---

### အာဖဂန် တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း တာလီဘန်ခေါင်းဆောင်နှစ်ဦး သေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁၅**

အာဖဂန်မြောက်ပိုင်း တက်ကဟာပြည်နယ်တွင် စစ်သွေးကြွအဖွဲ့များအားနှိမ်နင်းသည့် အာဖဂန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသဆိုင်ရာ တာလီဘန်ခေါင်းဆောင်နှစ်ဦးအပါအဝင် တာလီဘန်စစ်သွေးကြွအဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ကြောင်း အာဖဂန်အာဏာပိုင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

လေကြောင်း တိုက်ခိုက်မှုကို အာဖဂန်လေတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ည ၉ နာရီ တိတိတွင် ဘာဟာရက်ဒေသ မက်စ်ဂျစ်အီဆာဖစ်ကျေးရွာ၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွအဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်သွေးကြွများအသုံးပြုနေသည့် မော်တော်ဆိုင်ကယ်များကိုလည်း ဖျက်ဆီးခဲ့ကြောင်း အာဖဂန်လေတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဂျာဝက်ဟီဂျရီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အာဖဂန် လေတပ်ဖွဲ့၏ လေကြောင်း တိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန်စစ်သွေးကြွအဖွဲ့ထံမှ တုံ့ပြန်မှတ်ချက်ချမှု ထွက်ပေါ်လာခြင်း မရှိသေးပေ။

ဆင်ဟွာ

# ဆဋ္ဌမကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ဆဋ္ဌမအကြိမ် မြန်မာ့ စားသောက်ကုန် ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် အသင်း ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်လျှင် ထုတ်လုပ်နိုင်သည့် စွမ်းအားရှိသော်လည်း ဈေးကွက်တွင် တန်ဖိုးမြှင့် ရောင်းချနိုင်ရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရ၍ ဝမ်းမြောက်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်ကုန်ကို ဝယ်ယူနိုင်သည့် ဈေးကွက်များအဖြစ် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နှင့် အာဆီယံနိုင်ငံများ ရှိနေပြီးဖြစ်၍ ယင်းဈေးကွက်များသို့ ဝင်ရောက်နိုင်အောင် မိမိတို့ ကုန်စည်များ၏ အဆင့်အတန်းကို မြှင့်တင်နိုင်ရန်သာ လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။




ကုန်စည်ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပြည်တွင်း ပြည်ပမှ နိုင်ငံတကာ အဆင့်မီ စားသောက်ကုန်များကို ပြည်သူများ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သလို လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန် စီးပွားရေးဆက်သွယ်မှု ရရှိနိုင်ရန်၊ နည်းပညာနှင့် ခေတ်မီ စက်ကိရိယာများကိုလေ့လာပြီး ထုတ်လုပ်မှု စံချိန်စံနှုန်းများ မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စားသောက်ကုန်လုပ်ငန်း စတင်လုပ်ကိုင်မည့် လူငယ် လုပ်ငန်းရှင်သစ်များအတွက် လိုအပ်နိုင်သော အစားအသောက်ထုတ်လုပ်မှုကွင်းဆက် (Food Supply Chain) တစ်လျှောက် သိမှတ်ဖွယ်ရာများ၊ ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တရားမျှတစွာ ယှဉ်ပြိုင်ရောင်းချနိုင်ရေးတို့အတွက် မြန်မာ့ စားသောက်ကုန် အရည်အသွေး ထိန်းသိမ်းရေးနှင့် အခြေခံ အဆောက်အအုံ စနစ်များ အကြောင်း အသိပညာပေး ရှင်းလင်းဟောပြောခြင်း အစီအစဉ်များကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပဲခူးမြို့နယ် မယင်းကျေးရွာမှပြည်သူများ တွေ့ဆုံ

**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် တိုင်း ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ပဲခူးမြို့နယ် မယင်းကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ဆုံခဲ့သည်။

မယင်းကျေးရွာရှိ ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေများကိုလည်းကောင်း၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်ဌေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးတိုးက လမ်းမကြီးဆိုင်ရာ ဥပဒေများကိုလည်းကောင်း ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မယင်း၊ ရှမ်းရွာကြီး၊ ပေပင်ချောင်၊ ရွှေတန်၊ ပေါက်တော၊ အဝိုင်းနှင့် ကလီ-တပ်ကလေး ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များဖြစ်သော ကျေးရွာချင်းဆက်လမ်းနှင့် တံတားများကို အဆင့်မြှင့်တင်ပေးရန်၊ မယင်းရွာမ အလယ်တန်းကျောင်း၌ ကျောင်းအုပ် ရရှိရန်၊ ဆရာ ဆရာမ အင်အား ဖြည့်ဆည်းပေးရန်နှင့် သန့်စင်ခန်းများ ဆောက်လုပ်ပေးရန်၊ အဝိုင်းကျေးရွာအုပ်စု အလယ်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်၊ ရှမ်းရွာကြီးကျေးရွာ၌ စာသင်ကျောင်း မြေနေရာ ထပ်မံတိုးချဲ့ပေးရန်၊ မယင်းရွာမ ဆေးပေးခန်းအတွက် ကျန်းမာရေးဝန်ထမ်းများ ထားရှိပေးရန်၊ ရွှေတန်ကျေးရွာ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်၊ မောင်မခေါ်ချောင်းရိုးကို ပြန်လည်တူးဖော်ပေးရန်၊ ကလီ-တပ်ကလေးကျေးရွာ၌ ဘောလုံးကွင်း တစ်ကွင်း ဆောင်ရွက်ပေးရန်၊ ရှမ်းရွာကြီးကျေးရွာချောင်းကို တူးဖော်ပေးရန် စသည်တို့ကို တင်ပြခဲ့ကြရာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တင်စိုး(ပဲခူး)



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပိုးမွေးမြူရေးနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်း မိတ်ဆက်ဖြန့်ဖြူးမှုစီမံကိန်းမှ အဆောက်အအုံနှင့် စက်များ လွှဲပြောင်းပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကမော့ကပိုမျိုးစေ့ခြံ၌ ဆောင်ရွက်ထားသော ပိုးမွေးမြူရေးနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်း မိတ်ဆက်ဖြန့်ဖြူးမှု စီမံကိန်းမှ အဆောက်အအုံနှင့် စက်ပစ္စည်း ကိရိယာများကို JICA မှ ကရင်ပြည်နယ်အစိုးရထံသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါ မျိုးစေ့ခြံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး Japanese International Cooperation Agency (JICA)မှ တာဝန်ရှိသူနှင့် ဂျပန်နိုင်ငံ Diamatsu ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌတို့က ပိုးမွေးမြူခြင်းနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ မိတ်ဆက်ဖြန့်ဖြူးမှု စီမံကိန်းအကြောင်းနှင့် စီမံကိန်းနှင့်ပတ်သက်သော အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ မှတ်တမ်းလွှာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦးနှင့် JICA မှ တာဝန်ရှိသူတို့က လက်မှတ်ရေးထိုး၍ ပြည်နယ်အစိုးရထံ လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပိုးမွေးမြူရေးစီမံကိန်း လုပ်ငန်းခွင်များကို JICA ၊ Daimatsu ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

# ထားဝယ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်မြို့ ကသန်း-တောင်ပို့ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အမက(ဝကုန်း)ကျောင်း၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မဲတောင်-မြင်းခံဘော်လမ်းတွင် ကတ္တရာခင်းခြင်း၊ ကျောက်မဲတောင်ကျေးရွာမှ ကင်းမွန်းချုံကျေးရွာအထိ မြေသားလမ်းခင်းခြင်းနှင့် ၈၅ ပေ သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်း၊ အမက(ဟင်းကပိ)၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဖောင်းတောမီးစက်ရွာ အဝင်လမ်း၌ မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ဖွတ်လတ်တို-ကြက် ပေါင်ချောင်းလမ်း မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပျားသားချောင်းကျေးရွာအုပ်စု ခရစ်ယာန်ဘုရားကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီး အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများအနေဖြင့်လည်း ဒေသ၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကာ ဝန်ကြီးချုပ်က သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ကချင်ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ နှစ်များတွင် ကျင်းပခဲ့သည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဖိလစ်ပိုင်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ကချင်ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေ၊ ငွေ၊ ကြေးဆုများ ရရှိခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်၏ အားကစားအဆင့် တိုးတက်အောင်မြင်လာမှုကို ဆက်လက်ထိန်းသိမ်းရမည်မှာ အားကစားသမားများကိုယ်တိုင်ဖြစ်ပြီး ပံ့ပိုးပေးရမည့်ကိစ္စမှာ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အားကစားဌာန၏ တာဝန်ဖြစ်ကြောင်း၊ ယနေ့ အောင်ပွဲရ ကစားသမားများအနေဖြင့်လည်း မိမိကျွမ်းကျင်သည့် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အကြိမ်(၃၀)မြောက် ဆီးဂိမ်းတွင် နိုင်ငံလက်ရွေးစင်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်မှ ငွေတံဆိပ်နှစ်ခုရ မြားပစ်အားကစားမယ် မပြည့်စုံထွန်း၊ နပန်းအားကစားဖြင့် ကြေးတစ်ခုရ မောင်ဝဏ္ဏထွန်း၊ ဂျူဒိုတွင် ကြေးတစ်ခုရ မောင်ဇေယျာထွန်းနှင့် ဘောလုံးတွင် ကြေးတံဆိပ်ဆုရ မချစ်ချစ်တို့အား ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၂၇ မျိုးဖြင့် ရွှေ ၁၅ ခု၊ ငွေ ၁၅ ခုနှင့် ကြေး ၁၄ ခု ရရှိခဲ့ကြသော ပြည်နယ်ဂုဏ်ဆောင် အားကစားသမားအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်၌ e-Government ဆိုင်ရာ လုပ်ငန်းများစတင်နိုင်ရန် ဆွေးနွေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ်အတွင်း e-Government Project လုပ်ငန်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ၊ e-Government အကြံပေးပညာရှင်များ တက်ရောက်ကြပြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ် ဝန်ကြီး ဦးခင်မောင်ဖြူက e-Government ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ e-Government အကြံပေးပညာရှင် ဦးမြင့်ဆွေနှင့် ဦးဝင်းအောင်တို့က ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် အသေးစိတ်ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ တက်ရောက်လာသည့် တာဝန်ရှိသူများက သိရှိလိုသည့် အချက်အလက်များကို မေးမြန်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ထွန်းလေး

# မင်းဘူးမြို့နယ်၌ သောက်သုံးရေရရှိရေး မြေသားရေကန် တိုးချဲ့တူးဖော်

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ခရုကန်ကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေသားရေကန်တိုးချဲ့ တူး ဖော်လျက်ရှိသည်။ (ယာပုံ)

ခရုကန်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် အလျား ပေ ၈၀၀၊ အနံပေ ၂၀၀၊ အနက် ငါးပေနှင့် အလျား ပေ ၄၅၀၊ အနံပေ ၂၀၀၊ အနက် သုံးပေရှိ မြေသား ရေကန် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းနှင့် အလျားပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် လေးပေရှိ ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၅၉၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းခရုကန်ကျေးရွာသည် မင်းဘူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ ၃၆၉ အိမ်၊ လူဦးရေ ၁၅၄၂ ဦးခန့် နေထိုင်ကာ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြသည်။ ကန်ကို ပြုပြင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်၍ နုန်းမြေများ မြင့်တက်လာကာ ရေသို လှောင်နိုင်သည့် ပမာဏလျော့နည်းလာသည့် အတွက် ဒေသခံပြည်သူများက တင်ပြခဲ့၍ ယခုလို ကန်ကို ပြန်လည်တိုးချဲ့ တူးဖော်ပေးခြင်း ဖြစ်ကြောင်း ခရုကန်ကျေးရွာနေ ဦးလှအောင် ထံမှ သိရသည်။



အဆိုပါ မြေသားရေကန်တူးဖော်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၆၉ အိမ်၊ လူဦးရေ ၁၅၄၂ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များပါ သောက်သုံးရေ ဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။

**သူရိန် (မင်းဘူး)**

# စွန့်ဦးတီထွင်ဖွံ့ဖြိုးရေး နောက်ဆုံးပြိုင်ပွဲဝင် လူငယ်များ စခန်းသွင်းလေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာပြည်တစ်ဝန်းရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာနှင့် အိုင်တီပညာကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများနှင့် နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းများမှ ထူးချွန်သော မျိုးဆက်သစ်လူငယ်များ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖန်တီးပေးနေသော စွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်၏ နောက်ဆုံးပြိုင်ပွဲအတွက် မြန်မာပြည်တစ်ဝန်းမှ ရွေးချယ်ခံရသောအဖွဲ့ ၁၀ ဖွဲ့ကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစင်တာဖြစ်သည့် Kanaung Hub တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်အထိ စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် မြန်မာပြည်တစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အဖွဲ့ပေါင်း ၈၆ ဖွဲ့မှ မြန်မာပြည်အထက်ပိုင်းရှိ ပြိုင်ပွဲဝင်အသင်းများမှ ၁၅ သင်းနှင့် မြန်မာပြည်အောက်ပိုင်းရှိ ပြိုင်ပွဲဝင်အသင်းများမှ ၁၅ သင်းကို ရွေးချယ်၍ ထိုအသင်း ၃၀ မှ အထက်မြန်မာပြည်အတွက် ငါးသင်းနှင့် အောက်မြန်မာပြည်အတွက် ငါးသင်းကို ရန်ကုန်မြို့ MICT Park တွင် ထပ်မံရွေးချယ်ခဲ့ကာ ယခုအခါ ရှစ်ရက်တာစခန်းသွင်းလေ့ကျင့်၍ ဖေဖော်ဝါရီ ၂၉ ရက်တွင် အကောင်းဆုံးသုံးသင်းကို ယှဉ်ပြိုင်ရွေးချယ်သွားမည်ဖြစ်သည်။

ယခုနှစ် ဆုချီးမြှင့်ရာ၌ အထူးဆု ငွေကျပ်သိန်း ၁၀၀၊ ငွေကျပ်သိန်း ၈၀၊ ငွေကျပ်သိန်း ၃၀ နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုစင်တာဖြစ်သော Kanaung Hub တွင် အခြားသော စီးပွားရေးအောင်မြင်မှုရရှိနေသော လုပ်ငန်းငယ်များနှင့် လုပ်ကိုင်နိုင်ရန် ခြောက်လ အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။

နောက်ဆုံး ယှဉ်ပြိုင်ကြမည့်အဖွဲ့ ၁၀ ဖွဲ့တွင် မြန်မာပြည်အထက်ပိုင်းမှ စီးပွားရေးစီမံခန့်ခွဲမှုနှင့် အခြားဆက်စပ်သင်ခန်းစာများကို အွန်လိုင်းနှင့်အက်ပလီကေးရှင်းမှတစ်ဆင့် သင်ကြားနိုင်မည့် အစီအစဉ်၊ ကြက်ခြံလုပ်ငန်းများတွင် ကြုံတွေ့နေရသောအခက်အခဲနှင့် ဗဟုသုတတို့ကို မျှဝေပေးမည့် ဝက်ဘ်ဆိုက်အစီအစဉ်၊ ဆိုရှယ်မီဒီယာတွင် အချိန်များများအသုံးပြုသူတို့အတွက် ကောင်းကျိုးများရရှိစေရန် ဝန်ဆောင်မှုပေးမည့် personal development အက်ပလီကေးရှင်း အစီအစဉ်၊ ဖူဆယ်ဘောလုံးကွင်းများအား ကြိုတင်ငှားရမ်းနိုင်သောအက်ပလီကေးရှင်းအစီအစဉ်၊တိုင်းရင်းဆေးပညာကိုတိုးတက်စေရန် ရည်ရွယ်သော မိုဘိုင်းအက်ပလီကေးရှင်းစသော အဖွဲ့ငါးဖွဲ့နှင့် မြန်မာပြည်အောက်ပိုင်းမှ အွန်လိုင်းပေးမှ စိတ်ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်မည့် အစီအစဉ်၊ သုံးစွဲသူနှင့်Beauty Salonတို့ကြား အလှအပရေးရာနှင့် ပတ်သက်သော လုပ်ဆောင်ချက်များကို ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြိုတင်ရက်ချိန်းရယူနိုင်သော ဝန်ဆောင်မှုအစီအစဉ်၊ အဝတ်လျှော်ဝန်ဆောင်မှုအတွက် အက်ပလီကေးရှင်းဖြင့် ဝန်ဆောင်မှုပေးမည့်အစီအစဉ်၊ အကောင်းဆုံးစားသောက်ဆိုင်များမှ Discount များရရှိနိုင်မည့် အက်ပလီကေးရှင်းဝန်ဆောင်မှုအစီအစဉ်နှင့် ဘောလုံးအားကစားနှင့် ပတ်သက်သော သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် အက်ပလီကေးရှင်းမှတစ်ဆင့်ရရှိနိုင်မည့် ဝန်ဆောင်မှုရရှိမည့်စသော အဖွဲ့ငါးဖွဲ့တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်အား MPTနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ၂၀၁၇ ခုနှစ်တွင် စတင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

## မကြာမီကျင်းပမည့် ပွဲများ

### ပင်းတယမြို့ ရွှေဥမင်သဘာဝ လိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ကျင်းပမည်

**ပင်းတယ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်း သမိုင်းဝင်ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီးအား မတ် ၄ ရက်မှ မတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဓနုတိုင်းရင်းသားများဆိုင်ရာ နေ့အခမ်းအနား၊ မြို့နယ်အတွင်းရှိ သံဃာများနှင့် ပွဲတော်လာရဟန်း၊ သံဃာတော်များအား ဆွမ်းတော်ကြီး ၊ ဆွမ်းဆန်စိမ်း၊ အရုဏ်ဆွမ်းလောင်းလှူပွဲများ၊ ဓနုတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲများနှင့် အခြားတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အကဖျော်ဖြေပွဲများ၊ ဓနုတိုင်းရင်းသားအဆိုတော်များနှင့် ဒေသနေအဆိုဝါသနာရှင်တို့၏ စတိတ်ရှိုးဖျော်ဖြေပွဲများ ရုံဖွင့်ဇာတ်ဖျော်ဖြေပွဲများတို့ဖြင့် ကျင်းပမည်ဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၁၉၀၀ ကျော်က လာရောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မျိုးနွယ်(ပင်းတယ)

### ရမည်းသင်းမြို့၌ ပထမအကြိမ် လေးမြို့နယ် ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရမည်းသင်း ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ ရမည်းသင်းမြို့နယ် မြို့မိ မြို့ဖများနှင့် ရမည်းသင်းမြို့ စက်ဘီးစီးအသင်းတို့ ပူးပေါင်း၍ ပထမအကြိမ် လေးမြို့နယ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စက်ဘီးစီးပြိုင်ပွဲကို ရမည်းသင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှ စတင်တာလွှတ်ပြီး မြို့လှကျေးရွာထိ အသွား၊ အပြန် (၂၀) မိုင်ခရီးကို စီးနင်းယှဉ်ပြိုင်မည် ဖြစ်ကြောင်းသိရသည်။ အပျော်တမ်း စက်ဘီးစီးဝါသနာရှင်များပါဝင် ယှဉ်ပြိုင်လိုပါက ရမည်းသင်းမြို့နယ် စက်ဘီးစီးအသင်း ဦးညီညီ၊ ဦးမောင်ချစ်နှင့် ဦးသိန်းမင်းဇော်တို့ထံတွင် ဖေဖော်ဝါရီ ၁၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဇော်ဝင်းအောင် (ရမည်းသင်း)**

# ဝါးခယ်မမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး ဟောပြော

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း စုဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနား ကျင်းပရာ ဝါးခယ်မ အစိုးရ စက်မှုလက်မှု သိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာကျော်သူထက်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမျိုးမင်းသန့်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းအကြောင်း အသိပညာပေး ဟောပြောသည်။

ယင်းနောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ငလျင်ဘေးဒဏ်ကာကွယ်မှုကို လေ့ကျင့်သရုပ်ပြခဲ့သည်။ **ဥာဏ်မင်း(နမ့်ခမ်း)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၆၅ | ကျပ် | ၈၅၅/၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၇၀/၈၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၇၀ | ကျပ် | ၇၉၀/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၀ | ကျပ် | ၈၉၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၄၆ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၀ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၅ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၂၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၄၀၀ | ၁၅၉၀၇၅၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၂၂၂၃ | ၈၇၉၁၀၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၅ | ၁၄၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


မိခြောင်း
HTOO
ကြက်ဥ(၁၀)လုံးဝယ်ခဲ့နော် မိခြောင်း..
ဟုတ်.. မေကြီး..
မေကြီးက ဈေးထဲသွားဝယ်ခိုင်းတယ်..နီးနီးနားနားဒေါ်မှုံကြီးဆိုင်က ပဲဝယ်လိုက်တော့မယ်
လမ်းမှာလွတ်ကျပြီး မကွဲစေနဲ့နော်..
ဟုတ်
ဟဲ့ ကလေး..နင့်အမေ မပူတူး ကိုအရင်အကြွေးလာဆပ်ဖို့ ပြောလိုက်ဦးနော်... ကြားလားဟဲ့...
သမီးအမေကဒေါ်ပူတူး မဟုတ်ဘူးအရီးရဲ့..
အယ်.. လူများလို့..လူမှားလို့ပါနော်....
မပူတူးသမီးထင်ပြီးပြောလိုက်မိတာ..နင်ကလည်းမှားချင်စရာ..နှာခေါင်းမှာပတ်တီးကြီးစည်းလို့..ဘာဖြစ်တာလဲဟဲ့...
ငါ့အသံမှတ်မိလား
ကူးစက်မြန်ဖိုင်းရပ်စ်ကို ကာကွယ်ဖို့နှာခေါင်းစည်းစည်းထားတာပါ..ဒီမှာကြည့်လေ...
အဲ..ဟုတ်ပါရဲ့..မျက်စိကလည်းမကောင်းပါဘူး..ဆောရီး


ဖိုးသာဝဒူး
ရန်ကုန်..ကနေ မန္တလေးကိုသွားရင်..မေလးနာရီကြာမယ်ဆိုကြပါစို့..
ဒါ..ဆိုရင်..
မနက်(၆)နာရီ ရန်ကုန်ကနေ..ထွက်မယ်ဆိုရင်..
မန္တလေးကို ဘယ်အချိန်ရောက်သွားမလဲ..
ဖိုးသာဝဒူး စိတ်တွက်..တွက်ပြီးပြောကြည့်စမ်း
ဟို.. စိတ်တွက်တွက်ပြီးပြောရင် ချက်ချင်းရောက်သွားပါတယ် ဆရာမ..


ဘုတ်
ဒီပရှုချင်တဲ့သူတွေ အခက်ပဲနော်
တခြားသူတွေထက် ဘောက်ဘုတ်က ပိုပြီး စိတ်ညစ်နေရှာမှာ
ဟုတ်ပ သူက တအားလှချင်တာ ပေါ့!
နှာခေါင်းစည်းနဲ့ဘောက်ဘုတ် လာနေပြီ ငိုချင်လျက် လက်တို့ လိုက်ပြာစို့
လှချင်ပါတယ်ဆိုနေမှ အခုလို နှာခေါင်းစည်းထားရတော့ အားကြီးစိတ်ညစ်ရှာပါနော်
ဟုတ်ပါဘူး နှုတ်ခမ်းကို ပန်းနုရောင်ဆိုးထားတာ တွေ့တွေ့ဖို့ စည်းထားရတော့ အရှေ့ပျက်လို့ ပျော်မှ ပျော်..
ဟိုက်




အမယ်၊ လာလည်ကြတယ်ပေါ့..
ကံကြီးမောင်တို့နဲ့ တွေ့ရင် တစ်ယောက်လုံးကို မေ့သွားရော...
ကိုကြီး



# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ကက) **အစီအစဉ်ကြီးကြပ်သူ** ဆိုသည်မှာ အပိုင်း (၅) ၊ အခန်း (၄) သို့မဟုတ် အပိုင်း (၆)၊ အခန်း (၄) အရ ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား ကြီးကြပ်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကခ) **ယခင်ဥပဒေ** ဆိုသည်မှာ –

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၊

(၂) The Yangon Insolvency Act, 1909

(၃) The Myanmar Insolvency Act, 1920

(၄) အထက်ပါ ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ဆိုသည်။

(ကဂ) **ပစ္စည်း** ဆိုသည်မှာ ငွေကြေး၊ ကုန်စည်၊ ဝတ္ထုပစ္စည်း၊ ဥပဒေအရ တရားစွဲဆိုတောင်းခံနိုင်သော တောင်းဆိုချက်များ၊ မြေနှင့် အမျိုးမျိုးသောပစ္စည်းများ၊ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ရှိသောပိုင်ဆိုင်မှုနှင့် ထိုပိုင်ဆိုင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော အကျိုးခံစားခွင့် အရပ်ရပ်ကို ဆိုသည်။

(ကဃ) **ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ပုဒ်မ ၁၆၆ အရ ခန့်အပ်ခြင်းခံရသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကင) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေအရ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်များနှင့် မှတ်ပုံတင်အရာရှိသို့ အပ်နှံထားသော အခြားအခွင့်အာဏာများကို ကျင့်သုံးရန်၊ အခြားလုပ်ငန်းနှင့် တာဝန်များကို ထမ်းဆောင်ရန်နှင့် ဤဥပဒေအရ ကုမ္ပဏီနှင့် မိုက်ခရို၊ အသေးစားနှင့်အလတ်စားများအပါအဝင် တစ်သီးပုဂ္ဂလိကများမှ လူမွဲအဖြစ်ခံယူမှုများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လုပ်ငန်းများ လုပ်ဆောင်ရန် ခန့်အပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းက လွှဲအပ်သည့်ဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကစ) **နည်းဥပဒေ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို ဆိုသည်။

(ကဆ) **ပြန်လည်ထူထောင်ရေးအကြံပေး** ဆိုသည်မှာ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများအား အကြံပေးရန် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဇ) **ပြန်လည်ထူထောင်ရေးမန်နေဂျာ** ဆိုသည်မှာ အပိုင်း(၅)၊ အခန်း (၂)ပါ ပြဋ္ဌာန်းချက်များ အရ ခန့်ထားသောလူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဈ) **ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ပုဒ်မ ၇၂ တွင် ရည်ညွှန်းဖော်ပြထားသည့် အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သောအသွင်သဏ္ဌာန်ရှိသည့် အစီအစဉ်ကိုဆိုသည်။

(ကည) **အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဆက်စပ်သည့် အဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်–

(၁) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၊

(၂) အဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီ၊

(၃) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ။

(ကဋ) **အာမခံအကျိုးခံစားခွင့်ရမြီရှင်** ဆိုသည်မှာ ကြွေးမြီတောင်းဆိုခွင့်နှင့်စပ်လျဉ်း၍ မြီစား၏ ပစ္စည်း သို့မဟုတ် ပစ္စည်းများအပေါ် အာမခံတစ်ရပ်ကိုင်ဆောင်ထားသူဖြစ်ပြီး အာမခံ အကျိုးခံစားခွင့်မရရှိသော မြီရှင်ဆိုသည်မှာ ထိုသို့သော အာမခံတစ်ရပ်ကို ကိုင်ဆောင်ထားခြင်းမရှိသည့် မြီရှင်ကိုဆိုသည်။

(ကဌ) **အာမခံ** ဆိုသည်မှာ ဒီဘင်ချာ၊ စာချုပ်ပေါင်နှံခြင်းနှင့် ကြွေးမြီပေးချေရန်အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် အခြားသော အာမခံကို ဆိုသည်။

(ကဍ) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ စာချုပ်ဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ကို ဆိုသည်။

(ကဎ) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျ ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခံရသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံအောက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(ကဏ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ –

(၁) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ဆိုသည်–

(ကက) ကုမ္ပဏီ၏ဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အခြားကုမ္ပဏီက ထိန်းချုပ်ထားခြင်း၊

( ခခ ) ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ ထက်ဝက်ထက်ကျော်လွန်သည့် မဲများကို အခြားကုမ္ပဏီက အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊

( ဂဂ ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက် ကျော်လွန်၍ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှ တစ်ပါး အဆိုပါ ကုမ္ပဏီက ထုတ်ဝေထားသော အစုရှယ်ယာများ၏ ထက်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီက ပိုင်ဆိုင်ထားခြင်း၊

(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှ တစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများ အပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(၂) ပုဒ်မခွဲငယ် (၁) ပါ အခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီက ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(ကတ) **ယုံမှတ်အပ်နှံခြင်းခံရသူ** ဆိုသည်မှာ အပိုင်း (၈)ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလဖြစ်သူ လူမွဲပိုင်ပစ္စည်းအား စီမံခန့်ခွဲရန် ခန့်အပ်ထားသူကိုဆိုသည်။

**အကြောင်းကြားခြင်းနှင့် ကြေညာခြင်း**

၃။ (က) ဤဥပဒေအရ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရေး အကြောင်းကြားရန် သို့မဟုတ် ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုသို့ အကြောင်းကြားချက် သို့မဟုတ် ကြေညာချက်ကို ပြုလုပ်ရာတွင် မည်သို့သော အချက်များကို ထည့်သွင်း၍ မည်သည့်အချိန်တွင် မည်သို့မည်ပုံပြုလုပ်ပေးပို့ရမည်ကို နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

( ခ ) ထိုအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းနှင့်ပတ်သက်၍ ပြုလုပ်သည့်နည်းလမ်း၊ ပါဝင်ရမည့်အကြောင်းအရာနှင့် ပြုလုပ်ရမည့်အချိန်တို့ကို သတ်မှတ်ထားသည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်လျှင် ဤဥပဒေပါ အကြောင်းကြားရန် သို့မဟုတ် ကြေညာရန် တာဝန်ကို ချိုးဖောက်ရာရောက်သည်။

**အရေးယူဆောင်ရွက်ခြင်း**

၄။ မည်သူမဆို ဤဥပဒေပါ အကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင်–

(က) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ တပ်ရိုက်ရမည်။

( ခ ) တရားရုံးသည် ဆောင်ရွက်ရန် ပျက်ကွက်မှုအား သတ်မှတ်ထားသည့် အချိန်အတွင်း မပျက်မကွက်ဆောင်ရွက်စေရန် ထိုသူကို အမိန့်ချမှတ်နိုင်သည်။

**မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ (က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ် ယင်းကိုဆက်ခံသည့် အဖွဲ့အစည်း/ ဌာနတစ်ခုခု) ကို ကုမ္ပဏီများ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးထားသမျှ ကာလပတ်လုံး ထိုဌာန၏ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ် အလားတူတာဝန်ကို ထမ်းဆောင်နေသောသူ)သည် ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းပြုနိုင်သည့် အပြင် ထိုလုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို ထိုဌာနရှိအခြား အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အခြားအရာရှိများကို လွှဲအပ်ကျင့်သုံးစေနိုင်သည်။ ထိုသို့ လွှဲအပ်ခြင်းခံရသူသည် မှတ်ပုံတင်အရာရှိအား တာဝန်ခံ၍ မှတ်ပုံတင်အရာရှိမှ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

( ခ ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ သတ်မှတ်ထားသော အကြောင်းကြားမှုတစ်ရပ်ကို လက်ခံရရှိပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ယင်းအသိပေးအကြောင်းကြားစာကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ မှတ်တမ်းတင်ရမည်။

( ဂ ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ ရေးသွင်းမှတ်တမ်းတင်ရာ၌ အကျိုးသက်ဆိုင်သူက အလွယ်တကူ ရှာဖွေသိရှိနိုင်စေရန်နှင့် လိုအပ်ပါက မိတ္တူမှန်ကူးယူရရှိနိုင်စေရန်အတွက် အကောင်းဆုံး နည်းလမ်းများဖြင့် မှတ်ပုံတင်စာရင်းကို ပြုစုထားရှိရမည်။

**အပိုင်း (၂)**

**ရည်ရွယ်ချက်**

**ရည်ရွယ်ချက်များ**

၆။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များ အကြား လိုက်လျောညီထွေ ဖြစ်စေရန်၊

( ခ ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန် အတွက် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အားထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန်၊

( ဂ ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်းသိရှိနိုင်ပြီး သင့်တင့်မျှတသော ရလဒ်များ ရရှိစေရန်၊

(ဃ) လူမွဲမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာနှင့် ဘက်လိုက်ခြင်းကင်းစွာ ဖြေရှင်းဆောင်ရွက်နိုင်စေရန်၊

( င ) အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရို အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးအခက်အခဲကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှ တစ်ဆင့် လုပ်ငန်းများပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များ တည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊

( စ ) အလားအလာမကောင်းသော စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်လွယ်ကူသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်ရှိစေရန်နှင့် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုတန်ဖိုးများကို အတတ်နိုင်ဆုံးမြှင့်တင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ငွေကြေးအများဆုံး ပြန်လည်ရရှိစေရန်၊

(ဆ) အခြေအနေတူသည့် မြီရှင်များအကြား သာတူညီမျှ ဖြစ်စေရန်၊

( ဇ ) လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးရန်၊

( ဈ ) နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းမူဘောင်ကို တည်ထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းအား အထောက်အကူဖြစ်စေရန်။

**အပိုင်း (၃)**

**လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ**

**အခန်း (၁)**

**နိဒါန်း**

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၇။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အောက်ပါရာထူးများတွင် ခန့်ထားသူတို့နှင့် သက်ဆိုင်စေရမည်–

(က) ပစ္စည်းထိန်း၊

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

( ဂ ) ပြန်လည်ထူထောင်ရေးအကြံပေး၊

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကြီးကြပ်သူ၊

( င ) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အပါအဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

( စ ) ယုံမှတ်အပ်နှံခြင်းခံရသူ။

**အခန်း (၂)**

**လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် မှတ်ပုံတင်ခြင်း**

**လိုက်နာရမည့် ကျင့်ဝတ်များ**

၈။ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည်–

(က) ဤဥပဒေအရ မှတ်ပုံတင်ထားသူဖြစ်ရမည်၊

( ခ ) ၎င်း၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ရာတွင်–

(၁) ဤဥပဒေပါ ရည်ရွယ်ချက်များအတိုင်း လျော်ကန်သင့်မြတ်စွာ ဆောင်ရွက်ရမည်၊

(၂) ထိုက်သင့်သည့် သတိဝီရိယဖြင့် ဆောင်ရွက်ရမည်၊

(၃) သဘောရိုးဖြင့် ဖြောင့်မတ်စွာဆောင်ရွက်ရမည်။

( ဂ ) မိမိကိုယ်ကျိုးအတွက်ဖြစ်စေ၊ တစ်စုံတစ်ဦး၏ အကျိုးအတွက် ဖြစ်စေ မိမိရာထူးတာဝန်ကို မလျော်မကန်အသုံးမပြုရ၊

(ဃ) နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော ကျင့်ဝတ်များကို လိုက်နာရမည်။

**အခန်း(၃)**

**အရည်အချင်းမပြည့်ဝသူများက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခြင်းအပေါ် ကန့်သတ်ချက်များ**

**သတ်မှတ်အရည်အချင်းမပြည့်မီဘဲဆောင်ရွက်ခြင်း**

၉။ (က) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိမှသာလျှင် ပုဒ်မ ၇ တွင် ဖော်ပြထားသော ရာထူးတစ်ရပ်ရပ်ကို တာဝန်ယူလက်ခံဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၂၁ သို့*

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

၁၆။ လယ်ယာမြေဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၀။ (က) ပုဒ်မ ၁၉ အရ ချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိသော မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုနိုင်သည်။

( ခ ) ပုဒ်မ ၁၃ အရချမှတ်သည့်အမိန့်ကိုလိုက်နာခြင်းမရှိသော မည်သူမဆို ယင်းအမိန့်ပါသတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုနိုင်သည်။"

၁၇။ လယ်ယာမြေဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရစည်းကြပ်ကောက်ခံသည့်အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ ကောက်ခံခြင်းခံရမည်။"

၁၈။ လယ်ယာမြေဥပဒေပုဒ်မ ၂၅ ၏နောက်၌ပုဒ်မ ၂၅–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

"၂၅–က။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ကျိုးကြောင်းဖော်ပြချက်နှင့်တကွ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်းအငြင်းပွားသူများလက်ဝယ်သို့ ပေးအပ်ရမည်။"

၁၉။ လယ်ယာမြေဥပဒေပုဒ်မ ၂၆ ကိုအောက်ပါအတိုင်းအစားထိုးရမည်–

"၂၆။ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့်ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူဆောင်ရွက်ထားသည့် ကိစ္စရပ်များအတွက်နစ်နာမှုမရှိစေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။"

၂၀။ လယ်ယာမြေဥပဒေပုဒ်မ ၂၇ တွင် ပါရှိသော " ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ" ဆိုသည့် စကားရပ်ကို " ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ (ဃ) သို့မဟုတ် ပုဒ်မ ၃၇ အရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ လယ်ယာမြေဥပဒေပုဒ်မ ၂၈ တွင်–

(က) ခြေဆင်းကိုအောက်ပါအတိုင်းအစားထိုးရမည်–

"၂၈။ ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ –"

(ခ) ပုဒ်မခွဲ (က) ၌ပါရှိသော "လယ်မြေတွင်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီသီးနှံမှ"ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် ရာသီသီးနှံမှအခြားသီးနှံပြောင်းလဲ စိုက်ပျိုးရန်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုနိုင်သည်။"

၂၂။ လယ်ယာမြေဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော " ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။"ဆိုသည့်စကားရပ်ကို "ယင်းလယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ လယ်ယာမြေဥပဒေပုဒ်မ ၃၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်–

"၃၂။ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် အများပြည်သူအကျိုးအလို့ငှာ လယ်ယာမြေကိုသိမ်းယူရာတွင်သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။"

၂၄။ လယ်ယာမြေဥပဒေပုဒ်မ ၃၅ ကိုအောက်ပါအတိုင်းအစားထိုးရမည်–

"၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၅။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၇။ မည်သူမဆိုပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက်မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သောငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၂၆။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

"၃၇–က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့စည်းတစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၇။ လယ်ယာမြေဥပဒေပုဒ်မ ၃၈ တွင် ပါရှိသော "တောင်သူလယ်သမားအဖွဲ့အစည်းကိုဖွဲ့စည်းနိုင်သည်။"ဆိုသည့်စကားရပ်ကို "တောင်သူလယ်သမားအဖွဲ့အစည်းကို တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းနိုင်သည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ လယ်ယာမြေဥပဒေပုဒ်မ ၄၀ ကိုပယ်ဖျက်ရမည်။

၂၉။ လယ်ယာမြေဥပဒေပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ကိုပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ပြောင်းလဲအမှတ်စဉ်ထားသည့် ပုဒ်မ ၄၀ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၄၀။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇–က တို့အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၂၀ မှ*

( ခ ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းမရှိသည့်အချိန်တွင် ထိုသို့ လက်ခံဆောင်ရွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်သိန်းငါးဆယ်ထက် မပိုသော ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်။

**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းမရှိသည့် ပုဂ္ဂိုလ်များ**

၁၀။ (က) အဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ်ကသာလျှင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) လူတစ်ဦးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်မရှိစေရ–

(၁) လူမွဲအဖြစ်မှ ရပ်စဲခြင်းမရှိသေးသူဖြစ်ခြင်း၊

(၂) ဤဥပဒေပါ ကောင်စီက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆက်လက် ဆောင်ရွက်ရန်မသင့်ဟုယူဆသော အကျင့်စာရိတ္တနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း၊

(၃) နည်းဥပဒေများအရ သတ်မှတ်ထားသည့် အာမခံတစ်ရပ်ရပ်ကို ထားရှိရန် ပျက်ကွက်ခြင်း၊

(၄) ကောင်စီမှ ထုတ်ပေးထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင် လက်မှတ်မှာ သက်တမ်းကုန်ဆုံးနေခြင်း၊

(၅) ဤဥပဒေနှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် မှတ်ပုံမတင်ထားခြင်း။

**လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း**

၁၁။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေများတွင် သတ်မှတ်ထားသည်နှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိရမည်။

**မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း**

၁၂။ (က) အောက်ပါအချက်များနှင့်ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် ကောင်စီသည် လူမွဲခံယူခြင်း ဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်–

(၁) ပုဒ်မ ၁၀ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသူများ စာရင်းမှ ထုတ်ပယ်ခြင်းခံရသူမဟုတ်ခြင်း၊

(၂) ကောင်စီက သတ်မှတ်ထားသော ပညာရေးလိုအပ်ချက်၊ လက်တွေ့သင်တန်းနှင့် အတွေ့အကြုံဆိုင်ရာ သတ်မှတ်ချက်များဖြင့်ပြည့်စုံသူဖြစ်ခြင်း၊

(၃) ဤဥပဒေအရလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်များကို မှန်ကန်စွာဆောင်ရွက်နိုင်သူဖြစ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် ကောင်စီသို့ တင်ပြလျှောက်ထားရမည်။

( ဂ ) ကောင်စီသည် လျှောက်ထားသူအား ထုချေခွင့်ပေးခြင်း သို့မဟုတ် စာဖြင့်ရေးသားတင်ပြစေခြင်းမပြုဘဲ ၎င်း၏လျှောက်လွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းမပြုရ။

(ဃ) ကောင်စီသည် ဤဥပဒေစတင်အာဏာတည်သောနေ့မှ (၁) နှစ်အတွင်း ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပါ လိုအပ်ချက်များကို ပြည့်မီခြင်းမရှိသော်လည်း တစ်ဦးတစ်ယောက်သည် လူမွဲမှုခင်းကိစ္စရပ်များတွင် လုံလောက်သောအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ရှိသည်ဟုကျေနပ်ပါက ထိုကာလအတွက် ထိုသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

**မှတ်ပုံတင်လက်မှတ်များကို နှစ်စဉ်သက်တမ်းတိုးခြင်း**

၁၃။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့် နေ့မှ (၁)နှစ်ဖြစ်သည်။ သတ်မှတ်ကာလမကုန်ဆုံးမီ သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် ရပ်စဲပြီး ဖြစ်စေရမည်။

**မမှန်မကန်တင်ပြခြင်း**

၁၄။ မည်သူမဆို ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ရရှိရန်ဖြစ်စေ၊ သက်တမ်းတိုးရန်ဖြစ်စေ တင်ပြဆောင်ရွက်ရာတွင် မမှန်မကန်တင်ပြလျှင် သို့မဟုတ် တစ်စုံတစ်ရာကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ပြုလုပ်လျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည့်အပြင် အခြားတည်ဆဲ ဥပဒေများအရလည်း အရေးယူ ဆောင်ရွက်နိုင်သည်။

**အခန်း (၄)**

**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ ဖွဲ့စည်းခြင်း**

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်၊

(၂) မြန်မာနိုင်ငံရှေ့နေများကောင်စီဥက္ကဋ္ဌ၊

(၃) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊

(၄) မှတ်ပုံတင်အရာရှိ၊

(၅) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊

(၆) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ဥက္ကဋ္ဌ၊

(၇) အခန်း(၅)အရ ဖွဲ့စည်းသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အသင်း၏ ဥက္ကဋ္ဌနှင့် ၎င်းမှ အမည်စာရင်းတင်သွင်းသည့် အသင်းဝင်ကိုယ်စားလှယ်(၅) ဦး၊

(၈) ပုဒ်မခွဲငယ် (၇) ပါ အသင်းမပေါ်ပေါက်မီ ကြားကာလအတွင်း မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ ဥက္ကဋ္ဌနှင့် ၎င်းမှအမည်စာရင်း တင်သွင်းသည့် အသင်းဝင်ကိုယ်စားလှယ် (၅) ဦး။

( ခ ) ကောင်စီသည်ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သည့် လွတ်လပ်သော အဖွဲ့အစည်း ဖြစ်သည်။

( ဂ ) ကောင်စီသည် စဉ်ဆက်မပြတ်သော ဆက်ခံခွင့်၊ ယင်း၏ကိုယ်ပိုင်တံဆိပ်ကို သုံးစွဲခွင့်၊ တရားစွဲခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပုံမှန်အစည်းအဝေးကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

( င ) ကောင်စီဝင်များသည် ယင်းတို့အနက်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရမည်။ ကောင်စီဥက္ကဋ္ဌသည် သတ်မှတ်ထားသော အစည်းအဝေးများနှင့် လိုအပ်သည့်အစည်းအဝေး တို့ကို ခေါ်ယူခြင်း၊ အဖွဲ့ဝင်များအား အစည်းအဝေးများအတွက် သင့်လျော်သည့် အကြောင်းကြားစာပေးပို့ခြင်း၊ အစည်းအဝေးကျင်းပပါက သဘာပတိအဖြစ်ဆောင်ရွက်ခြင်း အပါအဝင် အထွေထွေကြီးကြပ်ပိုင်ခွင့်နှင့် ကောင်စီ၏ လုပ်ငန်းကိစ္စရပ်များကို လမ်းညွှန်ခြင်းပြုနိုင်သည်။

(စ) ဥက္ကဋ္ဌသည် ၎င်းထမ်းဆောင်ရမည့် တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နိုင်ခြင်းမရှိလျှင် မည်သည့်အချိန်တွင်မဆို ၎င်း၏ တာဝန်ဝတ္တရားများကို အခြားအဖွဲ့ဝင်တစ်ဦးဦးထံသို့ ယာယီလွှဲအပ်နိုင်သည်။

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိစေရမည်။

*ဆက်လက်ဖော်ပြပါမည်*

## မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာများအသင်း(MSCE)

### ကြေညာချက်အမှတ်(၁/၂၀၂၀)

**မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာများအသင်း(MSCE) ဖွဲ့စည်းတည်ထောင်ပြီးကြောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြအင်ဂျင်နီယာများသို့ အသိပေးကြေညာခြင်း**

**၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၇ရက်**

**(၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၃၁ရက်)**

၁။ မြန်မာနိုင်ငံ မြို့ပြအင်ဂျင်နီယာများအသင်း (MSCE)ကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှစ၍ ယာယီဖွဲ့စည်းပုံဖြင့် စတင်စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စု မှတ်ပုံတင်အဖွဲ့၏ ၂၇-၁၂-၂၀၁၉ ရက်စွဲပါစာဖြင့် တရားဝင်မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်ပါသည်။ ၂၀၁၉ခုနှစ် ဇူလိုင်လမှစ၍ တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အဆောက်အအုံတွင် မြန်မာနိုင်ငံ မြို့ပြအင်ဂျင်နီယာများအသင်း(MSCE) ရုံးခန်းဖွင့်လှစ်ထားရှိပြီး အသင်းသားစည်းရုံးခြင်း၊ မြို့ပြအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကျင်းပပြုလုပ်ခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်(Fed.MES)၏ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံမြို့ ပြအင်ဂျင်နီယာများအသင်း(MSCE)၏ သင်းဖွဲ့စည်းမျဉ်းနှင့်သင်းဖွဲ့မှတ်တမ်းပါ ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် နည်းပညာတက္ကသိုလ်များကို Technical အကူအညီပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြအင်ဂျင်နီယာများ (AGTI အင်ဂျင်နီယာများအပါအဝင်)က စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ရန် အချိန်ရောက်ရှိနေပြီဖြစ်၍ မြို့ပြအင်ဂျင်နီယာများအားလုံး ဤအသင်းကြီးသို့ အသင်းဝင်ရောက်လျက်ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်စုံစမ်းရန်ဌာနများ** (၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
အဆောက်အအုံမြေညီထပ်ရှိ
MSCE Reception Counter
Phone : 09-661812185
Email : msce.myanmar@gmail.com
(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ
Fed.MES,MES Chapter များ

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာများအသင်း**

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### (၆/၂၀၁၉-၂၀၂၀)ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများ တန်(၂၁၅၃၁)ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(အထူး)အိတ်ဖွင့်တင်ဒါ** - ၁၁/၁၂-၃-၂၀၂၀ ရက်၊ နံနက် ၀၈:၀၀ နာရီမှစတင်မည်
- မန္တလေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး (အရှေ့/အနောက်)/ပဲခူးတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း)/မွန်ပြည်နယ်

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-siteဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၄၀၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5724 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ဆက်သွားကျေးရွာနေ ဦးဝင်းကိုမှ အကွက်အမှတ်(၃/ကံပြားရပ်)၊ ဦးပိုင်အမှတ်(၅၂-ဆအတွင်း)၊ ဧရိယာ ၀ဒသမ၀၃၉ကေရှိ မြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/4888 MAZDA 3 S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဝင်း ၉/ခအဇ(နိုင်)၀၁၅၇၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2905 Mazda Bongo SK82T Pickup (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်းအောင် ၅/ငဇန(နိုင်)၀၆၇၁၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8107 Nai Chi Oo L/T(NCO-LT 01) Pickup (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၅/ကလထ(နိုင်)၀၀၉၂၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

### မွန်ပြည်နယ်အစိုးရအဖွဲ့
### မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မော်လမြိုင်မြို့တွင် အမှိုက်ခွဲခြားရုံတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ၁၈-၂-၂၀၂၀ရက်မှ ၂၈-၂-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာတစ်စောင်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ၂၈-၂-၂၀၂၀ရက် ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာ ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၉-၅၃၂၀၆၃၆နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

---

## တစ်ချက်တည်းကျင်းဝင်

ဗိုလ်ချုပ်ချစ်သန်း(ငြိမ်း)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ၉-၂-၂၀၂၀ရက် (၁၇:၃၀)နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်း အမှတ်(၁၆) ၌ (၁၃၃)ကိုက်အကွာမှ Nike-No-4 ဘောလုံးကို (Yamaha-No-6) တုတ်ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်း ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး ခင်မောင်စိုး(ငြိမ်း)၊ ဗိုလ်ချုပ်မျိုးလွင်(ငြိမ်း)၊ ဗိုလ်မှူးကြီး သန်းမင်း(ငြိမ်း)၊ ဦးလှဌေး(ဖွဲ့ကပင်)တို့ အတူကစားလျက်ရှိပါကြောင်း။

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6383 Suzuki Carry DA63T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မြင့် ၁၂/ဥကမ(နိုင်)၀၀၀၆၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ-၃)ရုံး အခြေစိုက်ဖွင့်လှစ်ထားသော မုံရွာမြို့၊ အလုံမင်းဒေါင့်ရပ်ကွက်၊ အလုံတောင်ကွင်း၊ ကွင်းအမှတ်(၃၂၇)တွင် ပါဝင်သော မြေကွက်(၉၆)ကွက်အား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်သတင်းစာများတွင် နှစ်စဉ်ကြော်ငြာထည့်သွင်းပြီး လျော်ကြေးများ ပေးအပ်လျက်ရှိရာ ယနေ့အထိ မြေကွက် (၈၇)ကွက်အား လျော်ကြေးငွေများပေးလျော်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျန်ရှိသော မြေကွက်(၉)ကွက်၏ ပိုင်ရှင်များမှ ၁၀-၄-၂၀၂၀ ရက်နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၊ မုံရွာမြို့သို့ လာရောက်ဆက်သွယ်ကြရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

| စဉ် | ပိုင်ရှင်အမည် | အကွက်အမှတ်နှင့်ဦးပိုင်အမှတ် |
|---|---|---|
| ၁။ | ဦးတင်လင်း | ၂လမ်း-စ(၁) |
| ၂။ | ဗိုလ်မှူးသန်းထွန်းအောင် | ၁လမ်း-စ(၆) |
| ၃။ | ဗိုလ်မှူးမျိုးအေး | ၁လမ်း-စ(၁၄) |
| ၄။ | ဗိုလ်ကြီး ရန်နိုင်ထွန်း(ဦးကျော်ဆွေ) | ၃လမ်း-စ(၅) |
| ၅။ | ဗိုလ်ကြီးမျိုးမြင့် | ၂လမ်း-စ(၁၄) |
| ၆။ | အရာခံဗိုလ်လှဝင်း | ၃လမ်း-စ(၁၄) |
| ၇။ | ဗိုလ်မှူးစိုးတင့် | ၁လမ်း-စ(၅) |
| ၈။ | ဗိုလ်မှူးစိုးတင့် | ကမ်းနားလမ်း-စ(၁၇) |
| ၉။ | ဦးစန်းဦး | ၁လမ်း-ဃ(၅) |

**လျော်ကြေးငွေပေးအပ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မုံရွာမြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့်ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းတင်ဒါများ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် (၅၄၉)၊ သီတာဆိပ်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊ ဒဂုံမြို့နယ်

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၇-၂-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း

**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၈-၂-၂၀၂၀ရက် ၁၆:၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့် ရက်၊အချိန်** - ၄-၃-၂၀၂၀ရက် ၁၃:၀၀နာရီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီး ရုံး၊ ဖုန်း-၀၁-၂၀၂၇၁၊ ၀၁-၉၀၀၀၉၁၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

### စောမွန်လှဆွေတော်မျိုးတော်များ စိန်ဖူးတော်ရွှေထီးတော် အထွတ်တင်ရန်နှင့် ရှင်အပါး(၃၀၀) စုပေါင်းရှင်ပြုပွဲပါဝင်လှူဒါန်းဖို့ နှိုးဆော်အပ်ပါသည်

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ပါဠိနယူပဒေသာကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသအား အမှူးထားဩဝါဒခံယူပြီး အစ်မတော် စောမွန်လှအားရည်စူး၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပညာရေးကျောင်း ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲနှင့် စိန်ဖူးတော်ရွှေထီးတော်တင်လှူပွဲကို ၁၆-၃-၂၀၂၀၊ ၁၃၈၁ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် (တနင်္လာနေ့)ရဟန်း၊သာမဏေ၊သီလရှင်ဝတ်ချင်သူများ စာရင်းပေးသွင်းနိုင်ပါသည်။ သာသနာ့ဒါယကာအဖြစ်ခံယူလိုပါက ဘုရား(၁)ဆူ သိန်း ၂၀ ကျပ်၊ရှင်တစ်ပါးလျှင် ၂၅၀၀၀ ကျပ်ဖြင့် တတ်အားသရွေ့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလှူခံဌာန** - မြတဘက်နဂါးကိုးကောင်ဘုရား အောင်ပင်လယ်

**ဖုန်း** - ၀၉-၂၀၃၂၂၄၇
၀၉-၂၀၂၆၄၁၉
၀၉-၄၀၂၅၂၁၇၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

### ချောက်မြို့နယ်အသင်း(ရန်ကုန်)
### (၃၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၉ ခုနှစ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၃-၂-၂၀၂၀ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀:၀၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အလယ်ပစ္စယံ အာဇာနည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းသားများနှင့် ချောက်မြို့နယ်သူ/မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(ချောက်တပင်တိုင်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးပါမည်။)**

**အလုပ်အမှုဆောင်အဖွဲ့၊ချောက်မြို့နယ်အသင်း(ရန်ကုန်)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### (ဒုတိယအကြိမ်တင်ဒါ)
### လမ်းဦးစီးဌာန၊ မြိတ်ခရိုင်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆိုအိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်/နေရာ** - (၂၄-၂-၂၀၂၀)ရက်မှစ၍ (ရုံးချိန်အတွင်း) မြိတ်ခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

၃။ **တင်ဒါပုံစံပိတ်မည့် နေ့ရက်/အချိန်** - (၁၃-၃-၂၀၂၀) ရက် မွန်းတည့် (၁၂:၀၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်/နေရာ** - (၁၆-၃-၂၀၂၀)ရက် နံနက် (၉:၀၀)နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး မြိတ်ခရိုင်၊ လမ်းဦးစီးဌာန

၅။ တင်ဒါပုံစံနှင့်စည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၅၉-၄၁၁၁၇၊ ၀၅၉-၄၁၀၀၇ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၆၅၅၃၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခန့်ဇော် ၅/ရဥန(နိုင်)၁၂၈၈၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၃၂၅၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၉/မရတ(နိုင်)၀၉၂၇၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2194 Toyota Alphard MNH10, Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို၁၂/လကန(နိုင်)၁၂၇၁၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၀)လမ်း၊ အမှတ်(D/၂၃)အမည်တွင်သည့်ပေ (၄၀x၆၀)ရှိ ဒေါ်သွေးသွေး စလစ်၊ ပြေစာ အမည်ပေါက်ခြံမြေကိုရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိဖြစ်ကြောင်းဝန်ခံ ပြောဆိုသူ ဦးဇော်နိုင်မိုးမှရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါကခိုင်လုံသောအထောက်အထားမူရင်းများနှင့်ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၁၁၇၅၀)**
**အမှတ်(H/၁၁၁)၊ ဗဟို(၁၃)လမ်း၊ အေးသာယာရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း–၀၉–၄၃၀၇၃၄၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4580, Mitsubishi Fuso FB 50JH, TRACTOR HEAD (6x4)(R) ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၁၂/သဃက(နိုင်)၀၄၂၁၉၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2460, Toyota Verossa GX 110, SL(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမီလှိုင် ၈/ရနခ(နိုင်)၀၀၁၁၄၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်ရီ(ခ)ဒေါ်အေးအေး အသက်(၇၃)နှစ်

### ညောင်ခါးရှည်မြို့ ပစ္စည်းထိန်း–ဒု(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်း(၁၁)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်–၁၀၀(၆/ဘီ)နေ (ဦးဘိုကေး–ဒေါ်လှရင်)တို့၏သမီး၊ (ဦးစိန်လွမ်း–ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ ဦးအောင်မင်း(မန်နေဂျာ၊ ရန်ကုန်တိုင်းသမအသင်းစု–ငြိမ်း)၏ဇနီး၊ ဦးကျော်မင်းဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြဖလမ်းခရိုင်)–ဒေါ်တင်မာအေး၊ ဦးအေးမင်းလတ်(ခေတ္တစင်ကာပူ)–ဒေါ်တိုးတိုးလွင်၊ ဒေါ်တင်မင်းထွေး (ခေတ္တစင်ကာပူ)–ဦးမျိုးမြတ်ထွဋ်တို့၏မိခင်၊ မမေသူခိုင်၊ မောင်ဘုန်းဟန်ကို၊ မဟေသီလတ်၊ မောင်ဇေယျာမင်း၊ မောင်အောင်ခန့်မင်း၊ မောင်ဇာနည်မြတ်ထွဋ်တို့၏အဘွားသည် ၁၄–၂–၂၀၂၀ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ကွင်းအမှတ်နှင့်အမည်(၇– ရွှေကြာအင်းရပ်)၊ဦးပိုင်အမှတ်(၁၀၅၊၁၀၆–ခ)၊ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ မြေကွက်ကို ဦးခင်မောင်ညွန့်–ဒေါ်အေးအေးလှိုင်တို့မှ မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၂)ရပ်ကွက် ပေါ်ဦး(၃)လမ်း၊ အမှတ်–(၉၄၈)၊(အလျား ၄၀x အနံ ၆၀)ပေရှိ မြေကွက်အား ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဝင်း ၁၂/လကန(နိုင်)၀၀၅၆၅၉ မှ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကာ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးဇော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၆/က)၊အနော်ရထာအပိုင်း(၂)လမ်း**
**ကြီးပွားရေးရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၉၇၀၀၈၈၅၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းမ၊ ဇေယျာမွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း ၂၀၂ရှိ Myanmar Fast & Forward Co.Ltdက တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄၆/နန်းဟူးရွာမ)၊ ဦးပိုင်အမှတ်(၁/၂)၊ ဧရိယာ၂ဒသမ၃၂ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ တောင်ကြီးမြို့၊ ဘန့်ကွေးကျေးရွာအုပ်စု၊ နန်းဟူးကျေးရွာနေ ဒေါ်ယဉ်ယဉ်အေး ၁၃/တကန(နိုင်)၁၈၄၇၅၂ထံမှဝယ်ယူရန်အတွက် ပထမအကြိမ်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ Myanmar Fast & Forward Co.,Ltd သို့ဖြစ်စေဤကြော်ငြာပါရှိပြီးသည့်ရက်မှ ခုနစ်ရက်အတွင်းခိုင်လုံသော အထောက်အထားတင်ပြ၍လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၈၆၂၅/၂၀–၁၂–၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင် (၃၁)လမ်း၊ အမှတ် (K/၁၄၉)အမည်တွင်သည့် ဦးတင်ထွန်း စလစ်၊ ပြေစာ အမည်ပေါက်ပေ(၄၀x၆၀)ရှိခြံမြေကိုရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိဖြစ်ကြောင်းဝန်ခံပြောဆိုသူ ဒေါ်လှမြင့်မှ ရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ကန့်ကွက်လိုသူရှိပါကခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်လှ LL.B**
**တရားလွှတ်တော်ရှေ့နေ(၁၁၇၅၀)**
**အမှတ် (H/၁၁၁)၊ ဗဟို(၁၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း–၀၉–၄၃၀၇၃၄၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၈၊ မြေကွက်အမှတ်–၁၂၂၈၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကိုဦးသန်းအောင်ကျော် ၁၂/တမန(နိုင်)၀၄၉၃၀၅ထံမှ ဝယ်ယူရန်အတွက်ကျွန်ုပ်မိတ်ဆွေ ဦးကျော်သက်နိုင် ၁၂/ဒဂတ(နိုင်)၀၀၅၅၀၃က စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစည်သူကျော်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၆၅၁၄/၇–၂–၂၀၁၁)**
**အမှတ်(၁၀၈၁)၊ ရှုခင်းသာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၉၉၄၈၈၉၃**

## Amazing Creativity Myanmar Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးဟန်ထူးအောင်နှင့် အများသိစေရန်ကြေညာခြင်း

၁။ အထက်ခေါင်းစီးပါ ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီအပိုင်း(၁)၊ ပင်လုံအိမ်ရာ၊ ရှုခင်းသာလမ်း၊ အမှတ်(၁၈)တွင် ရုံးခန်းဖွင့်လှစ်ထားပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရဲထွန်းဝင်း ၁၂/မရက(နိုင်)၀၀၀၀၄၀နှင့် ဦးကောင်းမြတ်လင်း ၁၄/ဟသတ(နိုင်)၂၂၁၁၅၉ တို့မှာ ဒါရိုက်တာများဖြစ်ကြပြီး ၎င်းတို့ အပါအဝင် ဒါရိုက်တာအဖွဲ့ဝင် (၇)ဦးဖြင့် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလခန့်မှစတင်၍ ဖော်ပြပါ ACM ကုမ္ပဏီလီမိတက်ကို လူကြီးမင်းက မန်နေဂျင်းဒါရိုက်တာအဖြစ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၃။ သို့သော်ယင်းကုမ္ပဏီလီမိတက်B.O.Dအဖွဲ့မှ ဒါရိုက်တာများဖြစ်ကြသော ဦးဝင်းမောင်၊ ဦးထင်အောင်နှင့် ဦးစိုးဝင်းအောင်တို့သည် လူကြီးမင်း၏ခွင့်ပြုချက်ဖြင့် နုတ်ထွက်သွားခဲ့ကြပြီးဖြစ်ပါသည်။ အလားတူ ကျွန်ုပ်၏မိတ်ဆွေများကလည်း ယင်းကုမ္ပဏီလီမိတက် B.O.Dအဖွဲ့မှ နုတ်ထွက်လိုသော်လည်း လူကြီးမင်းက လုံးဝခွင့်မပြုခဲ့ပါ။

၄။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ လူကြီးမင်းအနေဖြင့် ပုံမှန်ဒါရိုက်တာ အစည်းအဝေးကိုလည်းကောင်း၊ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကိုလည်းကောင်း တစ်ကြိမ်တစ်ခါမျှခေါ်ယူကျင်းပခြင်းမျိုးမရှိသကဲ့သို့ မွန်ပြည်နယ်ဒေသကြီး၊ သံဖြူဇရပ် မြို့နယ်အတွင်း ကျပ်သိန်းပေါင်းသုံးသောင်းကိုးထောင်ကျော်ဖိုးရှိ ရော်ဘာစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ကုမ္ပဏီလီမိတက် အနေဖြင့် ရရှိခဲ့သော်လည်း ဒါရိုက်တာ အစည်းအဝေးမခေါ်ယူဘဲ လက်ခံဆောင်ရွက်ပြီး ငွေကြေးကိစ္စများကိုလည်း ယနေ့တိုင် စာရင်းရှင်းလင်းခြင်းမပြုခဲ့ပါ။ကုမ္ပဏီလီမိတက်ပိုင်ဆိုင်သော စက်ယန္တရားအပါအဝင် ပစ္စည်းများကိုလည်း မည်ရွေ့မည်မျှရှိကြောင်း ကျွန်ုပ်တို့၏ မိတ်ဆွေများကမသိရှိခဲ့ရပါ။

၅။ ထိုစဉ်ကာလအတွင်း ၁–၁၁–၂၀၁၉ရက်စွဲဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားလို ဦးလှိုင်ဝင်းကျော်က လူကြီးမင်းအား ကျပ်(၂၄၇၅)သိန်းကျော်ရလိုမှုစွဲဆိုထားသဖြင့် ယင်းကိစ္စသည် ကျွန်ုပ်မိတ်ဆွေများနှင့်တစ်နည်းမဟုတ်တစ်နည်း ရိုက်ခတ်လာစရာအကြောင်းရှိနေသည်ကို လူကြီးမင်းသိရှိမည်ဟု ယူဆပါသည်။

၆။ ထို့ကြောင့် ဤကြော်ငြာစာသတင်းစာတွင်ပါရှိလာသည့်ရက်မှ ၁၄ရက်အတွင်း ACMကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးခေါ်ယူပေးလျက် ကုမ္ပဏီလီမိတက်၏ ရရန်ပေးရန်ရှိသော စာရင်းရှင်းတမ်းကို ရှင်းလင်းပေးပြီး ကျွန်ုပ်တို့၏မိတ်ဆွေများအားယင်းကုမ္ပဏီလီမိတက်ဒါရိုက်တာများအဖြစ်မှ တရားဝင်နုတ်ထွက်ခွင့်ပြုရေးအတွက် လူကြီးမင်းအားတောင်းဆိုပါကြောင်း ယင်းတောင်းဆိုချက်ကို လစ်လျူရှုခဲ့ပါမူ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးရဲထွန်းဝင်း၊ ဦးကောင်းမြတ်လင်း** | **ဦးစိုးမြင့်** |
| | **တရားလွှတ်တော်ရှေ့နေ(၆၃၉၉/၁၉၉၇)** |
| | **ရုံး ၇၇(ပထမထပ်)၊ ၃၈လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၇၉၄၈၆၊ ၀၉–၂၆၀၀၀၃၈၈၃** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကလောမြို့နယ်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၂

မူကေ့(စ်)ကူမာရ်(ခ)ခင်မောင်ဇော် **နှင့်** ဦးတင်ငွေ
**တရားလို** **တရားပြိုင်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဦးတင်ငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို မူကေ့(စ်)ကူမာရ်(ခ)ခင်မောင်ဇော်က အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ပစ္ဆိမာရုံရပ်ရှိ အကွက်အမှတ် ၁၇၊ ဦးပိုင်အမှတ် ၁၉၀၊ ဧရိယာ ၀ဒသမ၁၁၀ကေအကျယ်အဝန်းရှိသော မြေကွက်ရောင်းဝယ်မှုအား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါကျော်ထင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၅)ရပ်ကွက်၊အနော်ရထာလမ်း၊အမှတ် (၁၀၅၉) တွင် ၂ ခန်းတွဲ(၃)ထပ်တိုက်(Roof Slab)ဆောက်လုပ်ခွင့်ပြုမိန့်အားဤဌာန၏ ၁၇–၃–၂၀၁၇ ရက်စွဲပါ စာအမှတ် ၂၄၀၉/၂၄၀၈/စည်ပင်–ယာ(အုံ)အရ မြေရှင် ဒေါ်ဝင်းတင် လိုင်စင်ရကန်ထရိုက်တာ ဦးနေလင်းအောင်(LC–၁၁၁၁)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးနေလင်းအောင်(LS–၁၀၀)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့သည်။

၎င်း(၃)ထပ်တိုက် အဆောက်အအုံ၏ ဆောက်လုပ်ခွင့်သက်တမ်းတိုးတင်ပြလာရာတွင် လိုင်စင်ရကန်ထရိုက်တာ ဦးနေလင်းအောင် (LC–၁၁၁၁)မှ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မင်းလွင် (LC–၅၆၆)ဖြင့် ပြောင်းလဲ၍ သက်တမ်းတိုးခွင့်ပြုပေးပါရန် မြေရှင်နှင့်ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းထက်စိုး(ဘ)ဦးဘိုလှိုင်(၅/မရန(နိုင်)၂၆၇၇၆၂) နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွေး ၁၃/မနန(နိုင်)၀၁၂၃၀၄၊ D2၊ မြင်းပျံဘောလုံးကွင်းတိုက်တန်း၊ လမ်းသစ်(၇၃)လမ်း၊ အောင်မြေသာဇံ၊ မန္တလေးမြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးသန်းထွေးက မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်သို့ Crown အမှတ်တံဆိပ်ပါ ဘိလပ်မြေအားဖြန့်ဖြူးရောင်းချသူတစ်ဦးဖြစ်ပါသည်။ ဦးသန်းထွေးနှင့်ဦးသန်းထက်စိုးမှာမန္တလေးမြို့တွင် ခင်မင်ရင်းနှီးကြကြောင်းသိရပါသည်။ ဦးသန်းထက်စိုး(ဘ)ဦးဘိုလှိုင် ၅/မရန(နိုင်)၂၆၇၇၆၂မှာ သလ္လာဝတီရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်းဘေး တက္ကသိုလ်အနီး၊ မုံရွာမြို့တွင်နေထိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေဦးသန်းထွေးထံမှ ၂၀၁၈ခုနှစ် နှစ်ကုန်ခါနီးမှစ၍ ၂၀၁၉ခုနှစ် ဇွန်လအထိCrown တံဆိပ်ပါဘိလပ်မြေများ မှာယူခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးသန်းထွေးမှလည်း ဦးသန်းထိုက်စိုးအပေါ် ယုံကြည်၍ Crown အမှတ်တံဆိပ်၄၂ဒသမ၅အရည်အသွေးပါ ဘိလပ်မြေ(၆၃၂၀)အိတ် နှင့် Crown အမှတ်တံဆိပ် ၅၂ဒသမ၅အရည်အသွေးပါ ဘိလပ်မြေ(၁၄၆၈၅)အိတ် ပေးပို့ခဲ့ပြီး အဆိုပါဘိလပ်မြေစုစုပေါင်း (၂၁၀၀၅)အိတ်အတွက် တန်ဖိုးငွေ ၉၇၂၄၃၉၀၀ိ/–အနက် ၇၆၉၄၃၉၀၀ိ/–ကိုသာ ပေးသွင်းခဲ့ပြီးကျန်ငွေ ၂၀၂၉၅၀၀၀ိ/–အား ယနေ့အချိန်အထိ ပေးသွင်းခြင်းမရှိကြောင်း သိရှိရပါသည်။

ဦးသန်းထက်စိုးထံသို့ ကျွန်ုပ်၏မိတ်ဆွေဦးသန်းထွေးမှ ဖုန်းဆက်ပြီး အကြိမ်ကြိမ်တောင်းခံသော်လည်း ဟိုနေ့ပေးမည်ဒီနေ့ပေးမည်ဟုဆိုကာ လိမ်လည်နေခဲ့ပါသည်။ ဦးသန်းထက်စိုးနေထိုင်သည့် သလ္လာဝတ်ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ သာသနာ့ရောင်ခြည်ဘုန်းကြီးကျောင်းဘေး တက္ကသိုလ်အနီးနေထိုင်သည့် အိမ်သို့လိုက်လံတောင်းခံရာ အတွေ့မခံဘဲတိမ်းရှောင်နေကြောင်းသိရှိရပြီး ဦးသန်းထက်စိုး၏ညီမဖြစ်သူ ဒေါ်ထားထားဦးမှ အကြောင်းပြန်ကြားပေးမည်ဟုဆိုကာ ယခုအချိန်အထိအကြောင်းမကြားသည့်အပြင် ဦးသန်းထက်စိုးမှာထွက်ပြေးတိမ်းရှောင်နေကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဦးသန်းထွေးထံသို့ ဘိလပ်မြေဖိုးပေးသွင်းရန် ကျန်ငွေ ၂၀၂၉၅၀၀၀ိ/–အား သတင်းစာတွင်ဖော်ပြပါရှိပြီး ၁၅ရက်အတွင်း မပျက်မကွက်ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ပေးသွင်းပါရန် ဦးသန်းထက်စိုးအားသိစေအပ်ပါသည်။ လာရောက်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးသန်းထက်စိုးထွက်ပြေးတိမ်းရှောင်ခြင်းအား အားပေးကူညီသူ၊ လက်ခံထားသူမည်သူကိုမဆိုဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသန်းထွေး** | **ဦးတင်အောင်ထွဋ်** |
| **၁၃/မနန(နိုင်)၀၁၂၃၀၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၇၉)** |
| | **ရုံးရှေ့(၁)လမ်း၊ မြက်တို၊ ကုန်းကြီးရပ်၊ အမှတ်(၁၃)နယ်မြေ၊ ပုသိမ်မြို့** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကလောမြို့နယ်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၃

မူကေ့(စ်)ကူမာရ်(ခ)ခင်မောင်ဇော် **နှင့်** ဦးဇော်ဝင်း
**တရားလို** **တရားပြိုင်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို မူကေ့(စ်)ကူမာရ်(ခ)ခင်မောင်ဇော်က အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ပစ္ဆိမာရုံရပ်ရှိ အကွက်အမှတ် ၁၇၊ ဦးပိုင်အမှတ် ၁၈၉၊ ဧရိယာ ၀ဒသမ၁၁၀ကေအကျယ်အဝန်းရှိသော မြေကွက် ရောင်းဝယ်မှုအား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါကျော်ထင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ အမှတ်–၁၇–၄တည်ရှိရာဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆အိုင်၊ မြေကွက်အမှတ်–၁၁၂အေ/၁၇–၄၊ ဒေါ်ခင်လှ အမည်ပေါက်မြေပိုင်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်မိခင်ဒေါ်ခင်လှသည် ၃–၁၀–၂၀၁၉ရက်တွင်လည်းကောင်း၊ ဖခင်ဗိုလ်မှူးကြီး ဦးလှဟန်သည် ၂၇–၁၀–၂၀၀၆ရက်တွင်လည်းကောင်း ကွယ်လွန်၍ သားသမီးများဖြစ်သော ဦးဟန် ၁၂/ဗဟန(နိုင်)၀၅၄၂၅၇၊ ဒေါ်ခင်အိဟန် ၁၂/ဗဟန(နိုင်)၀၅၄၃၄၁၊ ဦးထူးဟန် ၁၂/ဗဟန(နိုင်)၀၅၄၇၅၄တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းတို့(၃)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၂၂–၁၁–၂၀၁၉ရက် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်အမှတ်စဉ် ၁၁/၂၆၈၆/၂၀၁၉ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ယင်းမြေ၏အမည်ပေါက်စာချုပ်တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဒီ၊ မြေကွက်အမှတ် IV၁၆၊ ဧရိယာ ၀ဒသမ၀၂၉ကေ၊ မြေကွက်တည်နေရာအမှတ် ၉၊ ၁၁၊ ၁၃၊ ၁၃၆လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ Mr P.K Mohamed Esoof အမည်ပေါက်နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် Mr P.K Mohamed Esoofထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၇၄၈/၁၉၇၇(၂၄–၁၁–၁၉၇၇)အရ ဒေါ်ဇိုရာဘီဘီက ပိုင်ဆိုင်လာပြီး၎င်းထံမှ အပိုင်ပေးစာချုပ်အမှတ် ၃/၁၉၈၀(၃–၁–၁၉၈၀)အရ ကူရှိတ်ရှာဘီ(ခ)ခိုရိတ်ရှာဘီဘီက ပိုင်ဆိုင်လာပြီး ၎င်းအရောင်းစာချုပ်အမှတ် ၄၃၃/၁၉၈၀ (၈–၈–၁၉၈၀)ဖြင့် ဦးမိုဟာမက်အီဆက်အား ရောင်းခဲ့ပါသည်။ ယခုအခါ ဦးမိုဟာမက်အီဆက်(ဖခင်)နှင့် ၎င်း၏ဇနီးဒေါ်သန်း(မိခင်)တို့ကွယ်လွန်ကြသဖြင့် သားသမီးဖြစ်သော ဦးမိုဟာမက်ရဖီး ၁၂/တမန(နိုင်)၁၁၁၁၂၊ ဒေါ်နဇမာဘီဘီ(ခ)မခင်လှ ၁၂/ပဘတ(ဧည့်)၀၀၀၂၁၆၊ ဒေါ်အိုင်ရှာဘီ ၁၂/ပဘတ(နိုင်)၀၁၁၃၄၆၊ ဒေါ်ဟာမီဒါဘီ ၁၂/ဥကမ(နိုင်)၁၂၉၃၂၅၊ ဒေါ်ဘတ်သရွန်နီဆာဘီဘီ ၁၂/တမန(နိုင်)၀၆၅၅၉၅၊ ဒေါ်ဟမ်ဆာဘီဘီ(ခ)မနီလာထွန်း ၁၂/ဗဟန(နိုင်)၀၀၇၉၆၀၊ ဒေါ်အမီနာဘီဘီ(ခ)မသန္တာထွန်း ၁၂/ဗဟန(နိုင်)၀၀၇၂၆၉၊ ဦးအဗ္ဗဒူရာဟင် ၁၂/ဗဟန(နိုင်)၀၀၈၆၅၇တို့က ကတိသစ္စာပြုလွှာများ၊ မြေခွန်ပြေစာ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ သေစာရင်းများနှင့် စာချုပ်အဆက်အစပ်များတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မန္တလေးမှ အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ နှစ်နိုင်ငံပူးပေါင်း၍ တိုက်ရိုက်ဘတ်စ်ကားလိုင်း လာမည့်ဧပြီလတွင် စမ်းသပ်ပြေးဆွဲမည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် မန္တလေးမြို့မှ အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ နှစ်နိုင်ငံပူးပေါင်း၍ တိုက်ရိုက်ဘတ်စ်ကားလိုင်းကို လာမည့် ဧပြီလအတွင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားလိုင်း ပြေးဆွဲနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများ၊ operator ကုမ္ပဏီများ တက်ရောက်၍ နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ MoU အချက်ပါ ဆွေးနွေးမှုအရ သုံးလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သော်လည်း လုပ်ငန်းဆောလျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဧပြီလမှစတင်၍ စမ်းသပ်ပြေးဆွဲသွားမည် ဖြစ်ကြောင်း အိန္ဒိယ ကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisora က ပြောသည်။

"အခုလို ဘတ်စ်ကားလိုင်း တိုက်ရိုက်ပြေးဆွဲခြင်းအားဖြင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်တွေမှာရှိတဲ့ ပြည်သူတွေနဲ့ စစ်ကိုင်း၊ မန္တလေးမှာရှိတဲ့ ပြည်သူတွေအချင်းချင်း နှစ်နိုင်ငံ သွားလာဆက်ဆံမှုကနေ ချစ်ခင်ရင်းနှီးမှုတွေ ပိုမိုရရှိဖို့ ရည်ရွယ်ပါတယ်။ ကလေးဝနဲ့ တမူးကြားမှာ ဒုတိယကမ္ဘာစစ်က တည်ဆောက်ခဲ့တဲ့ ဘေလီတံတား ၆၉ စင်းရှိပါတယ်။ ဒီတံတားတွေကို အိန္ဒိယနိုင်ငံဘက်က တာဝန်ယူပြီး ပြင်ဆင်နေပါတယ်။ နှစ်နိုင်ငံ ဘတ်စ်ကားလိုင်းပူးပေါင်းကာ တိုက်ရိုက်

*စာမျက်နှာ ၉ ကော်လံ ၁* ◆



ဖူဆယ်လိဂ် အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက် ရရှိခဲ့သည့် MIU အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

# MFF ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်း နှစ်နှစ်ဆက်ဖိုလ်စွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ် ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်(၂၂)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပရာ MIU အသင်း နှစ်နှစ်ဆက် ဖိုလ်စွဲခဲ့သည်။

ဖူဆယ်လိဂ် ပြိုင်ပွဲတွင် နောက်ဆုံးပွဲပြီးမှ ချန်ပီယံအသင်း ထွက်ပေါ်ခဲ့ပြီး MIU အသင်းနှင့် VUC အသင်းတို့ပွဲမှာ အဆုံးအဖြတ်ဖြစ်ခဲ့သည်။ ယင်းပွဲတွင် လေးဂိုးစီသရေကျခဲ့သောကြောင့် MIU အသင်းက အဝေးဂိုးစည်းမျဉ်းဖြင့် ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပထမအကျော့တွင် နှစ်ဂိုးစီ သရေကျခဲ့ပြီး VUC အသင်းက အိမ်ကွင်းကစားသည့် ယခုဒုတိယအကျော့ပွဲတွင် လေးဂိုးစီသရေကျသောကြောင့် နှစ်ကျော့စလုံး သရေကျသော်လည်း MIU အသင်းက အဝေးကွင်းတွင် ဂိုးပိုသွင်းနိုင်သောကြောင့် အဝေးဂိုးစည်းမျဉ်းဖြင့် ချန်ပီယံဆု ဆက်လက်ကာကွယ်ကာ

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

# ပထမအကြိမ် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် မာရသွန်အပြေးပြိုင်ပွဲ ပြိုင်ပွဲဝင် ၂၀၀၀ ကျော် ပါဝင်ဆင်နွှဲ

စာ-၁၂

# ဆီးရီးယားစစ်လေယာဉ်တစ်စင်း သူပုန်များ ထိန်းချုပ်ရာဒေသရှိ ယာတွင် ပစ်ချခံရပြီး လေယာဉ်အမှုထမ်းများ သေဆုံး

စာ-၁၄

# သမ္မတထရမ့်ရဲ့ အီရန်အပေါ် စစ်ရေးအရဆုံးဖြတ်ပိုင်ခွင့်ကို ကန့်သတ်လိုက်တဲ့ ဥပဒေ

စာ-၁၅

# ဟံသာဝတီအသင်း ရတနာပုံကို အနိုင်ယူ ခြောက်ပွဲဆက်အနိုင်ဖြင့် ဆက်လက်ဦးဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက ခြောက်ပွဲဆက် အနိုင်ရပြီး ဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရတနာပုံအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းရောရလဒ်ပါ ကောင်းမွန်နေသည့် ဟံသာဝတီအသင်းသည် ချန်ပီယံဆု လေးကြိမ်ရဖူးသည့် ချန်ပီယံဟောင်း ရတနာပုံအသင်းကို ဂိုးပြတ်သွင်းယူကာ ရာနှုန်းပြည့်နိုင်ပွဲရယူပြီး ဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ကိုဇေ


